# မြဝတီ နေ့စဉ်

တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည့် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၂)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့်နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ✭**




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်)

# ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာလျှောက်လှမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ကို ဦးဆောင်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ ပထမအချက်သည် "လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်" ဆိုသည့်အချက်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါရှေ့လုပ်ငန်းစဉ်အတိုင်းဆောင်ရွက်လျက်ရှိနေစဉ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် မြို့/ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများပြုလုပ်ပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှုမရှိအောင် ဖန်တီးလျက်ရှိသည်။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့်လည်း အဆိုပါအခြေအနေကိုအခွင့်ကောင်းရယူပြီး နယ်မြေချဲ့ထွင်နိုင်အောင်ကြိုးပမ်းနေသည်။

လွန်ခဲ့သည့် ခြောက်လတာကာလအတွင်း အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှု အမျိုးမျိုးကြောင့် အပြစ်မဲ့ပြည်သူ/ နိုင်ငံ့ဝန်ထမ်း (၃၈၃) ဦးသေဆုံးခဲ့ရသည်။ ပညာရေး၊ ကျန်းမာရေးနှင့်လူနေ အဆောက်အအုံအပါအဝင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦ ၅၁၆ လုံး ပျက်စီးခဲ့ရသည်။ ကချင်ပြည်နယ်တွင် KIA အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့်ပေါင်း၍ တရုတ် – မြန်မာနယ်စပ်ဒေသ၊ ဗန်းမော်ဒေသ၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)အင်းတော်ဒေသ၊ ကရင်ပြည်နယ်တွင်KNU အကြမ်းဖက်သောင်းကျန်းသူများက PDF များနှင့်ပေါင်း၍ ကတိုင်တိဒေသ၊ မဲပလီဒေသ၊ အနန်းကွင်းဒေသ၊ ကော့ကရိတ်ဒေသ၊ ရခိုင်ပြည်နယ်တွင် AA အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပေါင်း၍ မကွေးတိုင်း–ရခိုင်ပြည်နယ်အစပ်၊ ပဲခူးတိုင်း–ရခိုင်ပြည်နယ်အစပ်၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်အစပ်ဒေသတို့တွင် တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ ချင်းပြည်နယ်တွင် CNF အကြမ်းဖက်သောင်းကျန်းသူများသည် PDF များနှင့်ပူးပေါင်း၍ မင်းတပ်၊ ကန်ပက်လက်နှင့် ဖလမ်းမြို့တို့ကို တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာပြီးမြောက်ရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝအေးချမ်းသာယာရေးကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ အဖျက်အမှောင့်လုပ်ငန်းများကိုသာ တွင်တွင်ကျယ်ကျယ်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ၏နေရာဒေသတစ်ခုခုတွင် အဆိုပါအကြမ်းဖက်အဖျက်သမားသောင်းကျန်းသူတို့ တည်ဆောက်ပေးထားသည့် လမ်း/တံတား၊ အဆောက်အအုံ လုံးဝ(လုံးဝ)မရှိသော်လည်း ဖျက်ဆီးသည့်နေရာတွင်မူ နည်းလမ်းအမျိုးမျိုးဖြင့်ဖျက်ဆီးလျက်ရှိသည်။ အထူးသဖြင့် အရပ်ဘက်အဆောက်အအုံများဖြစ်သည့် မီးရထား၊ တံတားနှင့်တက္ကသိုလ်ကျောင်းအဆောက်အအုံ ဖျက်ဆီးမှုမှာ လွန်စွာအရုပ်ဆိုးပြီး စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်များဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (EAO) များအနေဖြင့်လည်း နိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်း ပေါ်တွင် အခွင့်ကောင်းယူပြီး တိုင်းရင်းသားရေး၊ နိုင်ငံရေးအကြောင်းပြချက်များဖြင့် တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၏ အစွန်းရောက်အယူအဆများကို ၎င်းတို့လှုပ်ရှားသည့်နယ်မြေများတွင် လှုံ့ဆော်အားပေးမှုများပြုလုပ်ခဲ့သည်။ ပြည်တွင်းပြည်ပမှ နိုင်ငံတော်အကျိုးကို မလိုလားသည့် ပြည်ဖျက်မီဒီယာများနှင့်ပူးပေါင်းပြီး မဟုတ်မမှန်သတင်းများကိုလည်း ဝါဒဖြန့်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်းလုံးအကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် အချိန်ကိုက်ဟန်ချက်ညီညီဖြင့် လှုံ့ဆော်ခဲ့သည်ကိုတွေ့ရသည်။ နိုင်ငံ့အရေးအပေါ် မှန်မှန်ကန်ကန်ဖြင့် ဆင်ခြင်တုံတရားရှိသည့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင် အကြမ်းဖက်မှုများပိုမိုဖြစ်ပွားလာပြီး ပြည်သူများ၏ အသက်အိုးအိမ်၊ ပစ္စည်းဥစ္စာများနှင့် ပြည်သူပိုင်အဆောက်အအုံများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ အဆိုပါပျက်စီးဆုံးရှုံးမှုများမှာ နိုင်ငံတော်နှင့်ပြည်သူများ၏ဆုံးရှုံးမှုများသာဖြစ်သည်။

ဒေသတစ်ခုတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန် သို့မဟုတ် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန် လုပ်နိုင်စွမ်းရှိသူများမှာ အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့် ဒေသခံအကြမ်းဖက်သမားများသာဖြစ်သည်။ ဒီမိုကရေစီစနစ်ကိုလိုလားပါသည်ဟု လှုံ့ဆော်အားပေးနေသည့်နိုင်ငံများ၊ လူပုဂ္ဂိုလ်များအနေဖြင့် စဉ်းစားကြရန်လိုအပ်သည်။ ပြီးခဲ့သည့်နှစ်က လွိုင်ကော်မြို့ကို KNPP၊ PDF အဖွဲ့များ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လွိုင်ကော်မြို့ တက္ကသိုလ်အဆောက်အအုံများ ထိခိုက်ပျက်စီးပြီး ကျောင်းပိတ်ခဲ့ရသည်။ လွိုင်ကော်တက္ကသိုလ်ရှိ အဆောက်အအုံ ၄၄ လုံးပျက်စီးခဲ့ပြီး ၎င်းတို့ကိုပြုပြင်ရန် ငွေကျပ် ၉ ဘီလီယံခန့်ကုန်ကျရန်ရှိသည်။ ပျက်စီးသွားသော ကျန်တက္ကသိုလ်၊ ကျောင်းများ၊ ဈေးများ၊ ပြည်သူတို့၏ပိုင်ဆိုင်မှုများပါထည့်သွင်းတွက်ချက်ပါက ဘီလီယံပေါင်းများစွာရှိပေမည်။ နိုင်ငံရေးအကြောင်းပြပြီးမိုက်မဲစွာဆောင်ရွက်မှုကြောင့် ဒေသခံများသာ ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စွန့်လွှတ်စွန့်စားစိတ်ဖြင့် အဆိုပါအကြမ်းဖက်သမားများကို ရှင်းလင်းခဲ့ရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရည်မှန်းထားသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာဖြင့် လျှောက်လှမ်းနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင်သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များကို နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပြည်သူအားလုံးက ရှုတ်ချလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်ကဦးဆောင်လမ်းခင်းပေးနေသည့် ဒီမိုကရေစီလမ်းကြောင်းကို ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရေး အားလုံးပါဝင်ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## မိတ္ထီလာမြို့၌ တက္ကသိုလ်အဆင့် ကဗျာ ဆောင်းပါးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ လူထုအခြေပြု ဗဟိုဌာန၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ကဗျာ၊ ဆောင်းပါးပြိုင်ပွဲကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်းသိရသည်။

ထို့နောက် မြို့နယ်စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း ( Book Club ) ဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာတင်တော်က ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက ဆောင်းပါးပြိုင်ပွဲတွင် "စည်းလုံးညီညွတ်အောင်ပန်းဆွတ် "ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် "ပင်လုံသက်သေတို့မြန်ပြေ မသွေလွတ်လပ်ထိန်းသိမ်းအပ် "ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင် ကြကြောင်းသိရသည်။ **(၆၀၂)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၂-၂၀၂၅ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ်ဘုရားတည် |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ |
| ၃။ | ၁၄:၅၀ | Speech On Air |
| ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၂၁:၂၀ | Memory Box |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် – ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) – ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) – ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် – ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) – ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) – ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# ရန်ကုန်မြို့၌ ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းသည် ဆေးဝါးသုံးစွဲသူပြည်သူများ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများ မပြတ်လပ်စေရန်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် လမ်း ၃၀ ထောင့်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါဆေးဝါးတိုက်ရိုက်ရောင်းချပွဲကို ဖေဖော်ဝါရီလ ၃ ရက်မှ ၇ ရက်အထိ ကျင်းပလျက်ရှိပြီး ဆေးကုမ္ပဏီ ၆၁ ခုမှ ဆေးဝါးမျိုးစုံ ပါဝင်ပြသရောင်းချပေးလျက်ရှိရာ မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်သည်။

ဆေးဝါးများဝယ်ယူရာတွင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်းမရှိစေရန်နှင့် အာနိသင်ရှိသော အလားတူဆေးဝါးများအား စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင်၊ လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့်ဆေးဝါးနားလည်ကျွမ်းကျင်သူများထားရှိကာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ယခုလအတွင်း ပဲခူးတိုင်းဒေသကြီး၌ အရောင်းစင်တာများ ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးတိုက်ရိုက်ရောင်းချခြင်းများ ပြုလုပ်မည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါ ဆေးဝါးတိုက်ရိုက်ရောင်းချပွဲများကို ပထမအကြိမ်အနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လတို့တွင် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အရောင်းစင်တာများ ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# နိုင်ငံတစ်ဝန်းရှိ တောင်သူများအား စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ စုစုပေါင်းငွေကျပ် ၂၄၀ ဘီလီယံကျော် ထုတ်ချေးပေးထား

ရန်ကုန် ဖေဖော်ဝါရီ ၃

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၇ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ နိုင်ငံတစ်ဝန်းရှိ တောင်သူများအား စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ(Two Step Loan) စုစုပေါင်း ငွေကျပ် ၂၄၀ ဘီလီယံကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

အဆိုပါ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေစီမံကိန်းကို ၂၀၁၇ ခုနှစ် ဇူလိုင်လက စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ်ပေါင်း ၁၈၇ မြို့နယ်မှ တောင်သူဦးရေ ၅၈၁၆ ဦးကို စုစုပေါင်းချေးငွေ ငွေကျပ် ၂၄၇ ဒသမ ၄၄၈ ဘီလီယံကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေနဲ့ နိုင်ငံတစ်ဝန်းက တောင်သူတွေ လယ်ယာစိုက်ပျိုးရေးဆောင်ရွက်ရာမှာ လိုအပ်တဲ့ စက်ကိရိယာပစ္စည်းတွေ ဝယ်ယူအသုံးပြုနိုင်အောင် စိုက်ပျိုးရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေတွေကို အရစ်ကျပြန်ဆပ်စနစ်နဲ့ နှစ်တို သုံးနှစ်၊ နှစ်ရှည် ငါးနှစ်အထိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွေက တစ်ဆင့် သက်သာတဲ့အတိုးနှုန်းတွေနဲ့ ထုတ်ချေးပေးနေပါတယ်။ လက်တွန်းလယ်ထွန်စက်တို့၊ ထော်လာဂျီတို့လို စက်အငယ်စားတွေအတွက် သုံးနှစ်အထိ ချေးငွေထုတ်ချေးပေးပါတယ်။ နောက်ပြီး ရိတ်သိမ်းခြွေလှေ့စက်တို့၊ လယ်ထွန်စက်ကြီးတို့လို စက်အကြီးစားတွေ၊ စက်ရုံအဆောက်အအုံတွေအတွက်ဆိုရင် ငါးနှစ်အထိ ချေးငွေထုတ်ချေးပေးပါတယ်"ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယအထွေထွေမန်နေဂျာ ဦးဇော်ဝင်းကပြောသည်။

ယခင်က တောင်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ လျှောက်ထားပါက တောင်သူတစ်ဦးလျှင် အများဆုံး ငွေကျပ်သိန်း ၇၀၀ အထိ ထုတ်ချေးပေးခဲ့ရာမှ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစ၍ တောင်သူတစ်ဦးလျှင် အများဆုံး ငွေကျပ် သိန်း ၁၂၀၀ အထိ ထုတ်ချေးပေးပြီး အတိုးနှုန်းကိုလည်း တစ်နှစ်လျှင် ၇ ရာခိုင်နှုန်းသာ ကောက်ခံခဲ့သည်။

ချေးငွေလျှောက်ထားလိုသောတောင်သူများအနေဖြင့် သက်ဆိုင်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများနှင့် ချိတ်ဆက်၍ ချေးငွေရယူနိုင်ပြီး စာရွက်စာတမ်းပြည့်ပြည့်စုံစုံဖြင့် လျှောက်ထားလာပါက သက်ဆိုင်ရာဘဏ်များမှ တာဝန်ရှိသူများက တောင်သူများ ချေးငွေအမြန်ဆုံးရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်လေးခုရှိ မြို့နယ် ၁၉ မြို့နယ်မှ တောင်သူ ၆၁ ဦးကို စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ စုစုပေါင်း ငွေကျပ် ၅၄၈၁ ဒသမ ၂သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆောင်းဦး**

# ကျောက်ဆည်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

ကျောက်ဆည် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကျေးလက်နေတောင်သူများ လယ်ယာသုံးစက်ကိရိယာအစိတ်အပိုင်းများ သိရှိနားလည်ပြီး စက်ကိရိယာများ လွယ်ကူစွာတပ်ဆင်နိုင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စနစ်တကျ ကိုင်တွယ်မောင်းနှင်ခြင်းလုပ်ငန်းများ ပိုမိုကျွမ်းကျင်စေရန်၊ ထိရောက်အောင်မြင်စွာ အသုံးချတတ်စေရန်၊ ပိုင်နိုင်ကျွမ်းကျင်စွာ အသုံးပြုနိုင်မည့် တောင်သူများဖြစ်လာနိုင်ရန်ရည်ရွယ်၍ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းကို ဖေဖော်ဝါရီလ ၃ ရက်တွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် ကျောက်ဆည်မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိဦးရဲနောင်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်၊ စက်မှုလယ်ယာကူးပြောင်းရေးလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်စေရန်၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်သည့်တောင်သူများနှင့် ထပ်မံဝယ်ယူမည့်တောင်သူများ စက်ကိရိယာများသုံးစွဲရာတွင် သိသင့်သိထိုက်သည့် စက်ပိုင်းဆိုင်ရာအခြေခံအချက်အလက်များ တတ်ကျွမ်းစေရန် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးအောင်ဆွေဦးက သင်တန်းစည်းကမ်းချက်များနှင့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဖော်ထုတ်ခြင်းအကြောင်းများ၊ ဒုတိယဦးစီးမှူးများဖြစ်ကြသည့် ဦးဇော်ဇော်ထွန်း၊ ဦးအောင်ကျော်စိုးတို့က ထွန်စက်နှင့်ထွန်ယက်ကိရိယာထိန်းသိမ်းမှု၊ လက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများအကြောင်း၊ ထွန်စက်မောင်း(၃) ဦးရဲမင်းခိုင်နှင့် စက်မှုကျွမ်းကျင်-၄ ဦးဝင်းဇော်ဦးတို့က ထွန်စက်ကြီးနှင့်လက်တွန်းထွန်စက် လက်တွေ့မောင်းနှင်မှု၊ ထွန်စက်၊ ထွန်ယက်ကိရိယာနှင့် လက်တွန်းထွန်စက်ထိန်းသိမ်းမှုအကြောင်းများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ကောက်စိုက်စက်အကြောင်းများကို စာတွေ့လက်တွေ့သင်ကြားပေးကြသည်။

အဆိုပါသင်တန်းသို့ ကြက်မင်းတွန်၊ ငယ်တိုး၊ သင်တောင်း၊ အင်တိုင်း၊ မှိုင်းပန်၊ မြင်စိုင်း၊ ကြောင်ပန်းကုန်း၊ ညောင်ဝန်း၊ ရွှေလေး၊ ရဲမအူ၊ ဇရပ်ဖြူ၊ ဝမ်းသောင်၊ ကျောက်ဆောက်ကုန်း၊ ပတ္တာကျေးရွာတို့မှ တောင်သူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီလ ၃ ရက်မှ ၁၄ ရက်အထိဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့ရာတွင် ကျွန်ုပ်သည် ၎င်းတို့ပိုးပန်းခြင်းများကို မကြည့်လိုသော်လည်း ကိုယ့်ရည်းစားဟူ၍ မပြောနိုင်သဖြင့် ဘာမျှမပြောဘဲ ပြုံး၍သာနေလိုက်ရသည်။ အမှန်ကိုရေးရလျှင် ကျွန်ုပ်သည် လွန်ပွဲညမှစ၍ ထိုအချိန်သို့တိုင်အောင် စိတ်ထဲကကြိုက်နေခဲ့သည်မှာ (ကိုယ့်ဘက်ကသေချာသော်လည်း သူ့ဘက်ကမူ ထင်ကြေးမျှသာဖြစ်သည်။) နှစ်နှစ်ကျော်သုံးနှစ်ခန့်ရှိခဲ့ပြီဖြစ်သော်လည်း အိမ်နီးချင်းပဆစ်ဝိုင်း၌ နှစ်ကြိမ်မျှ မျက်နှာချင်းဆိုင် ပဆစ်ပစ်ခဲ့ဖူးခြင်းမှတစ်ပါး ခေါ်ဖူးပြောဖူးခြင်းမရှိ။ အဝေးမှလှမ်းကြည့်ရုံမျှနှင့် ကျေနပ်ခဲ့ရပါသည်။ ကျွန်ုပ်အကြောင်းကို ကာလသားသူငယ်ချင်းများအား အသိမပေးသော်လည်း ၎င်းတို့၏ပိုးပန်းမှုအခြေအနေကို ကျွန်ုပ်က စောင့်ကြည့်၍ မည်သူမျှနေရာမကျသေးခြင်းကိုသိရသဖြင့် ကျေနပ်လျက်ရှိပါသည်။

**သူတစ်ပါးထက်ပင် ထူးလေသလော**

ဗုဒ္ဓဘာသာကျောင်း၌ ကျောင်းဆရာလုပ်လျက်ရှိစဉ် ကျွန်ုပ်သည် သူငယ်ချင်းများနှင့်အတူ ပွဲကြည့်ရုံသာမက တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲများသို့သွားခဲ့ရာ ထိုမိန်းကလေးလည်း ၎င်း၏အိမ်သားများနှင့် သွားကြသဖြင့် အလွန်အူမြူးခဲ့ဖူးပါ၏။ ရွှေစာရံဘုရားပွဲ၌ ပျော်ရခြင်းမှာ ပိုးပန်းမှုမပါရှိသောကြောင့် (နှိုင်းယှဉ်ခြင်းအားဖြင့်) ခြောက်ကပ်ကပ်ရှိသည်ဟု ဆိုရမည်ဖြစ်ရာ အထက်ပါပွဲမှုကား အလွန်စိုပြည်လှ၍ ရင်တဖိုဖိုဖြစ်ခဲ့ရပါတော့သည်။ ရင်ဖိုရခြင်းမှာကား ဤပွဲတွင် အနည်းဆုံးလေး၊ ငါးကြိမ်မျှ မိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရချေတော့မည်ဟု မျှော်လင့်ချက်ရှိ၍ သတိရတိုင်း ရင်ထဲ၌ ဖိုခနဲ၊ လှိုက်ခနဲဖြစ်ရပါတော့သည်။ မျက်နှာချင်းဆိုင်ခွင့်ရတော့မည်ဟု စဉ်းစားလိုက်မိရုံနှင့် ရင်ဖိုလှိုက်ခြင်းမှာ တခြားလူများ ကြုံဖူးကြလေသလားမပြောတတ်။ ကျွန်ုပ်အဖို့မူ ချဲ့ထွင်ခြင်းမဟုတ်။ တကယ်ပင်ဖြစ်ပါသည်။ ဤသည်ကြောင့်လည်း ငါ၏မေတ္တာသည် အလွန်နက်နဲကြီးကျယ်၍ လွဲနိုင်မည်မဟုတ်တော့ဟု ယုံကြည်မိပါသည်။ ဤယုံကြည်ချက်မှာလည်း "ကကြီးရေးကသတ်" ဟု စာအံသောမိန်းကလေးနှင့်တွေ့ဖူးခြင်းသည် အထောက်အပံ့ပြုလျက်ရှိပါသည်။ အချစ်သည် အတော်ဆန်းကြယ်ပေသည်တကား။

> **"ကျွန်ုပ်သည် တောင်ပြုန်းပွဲတွင် မိန်းကလေးနှင့် တစ်ကြိမ်မျှ မျက်နှာချင်းဆိုင်ခွင့်မရသဖြင့် ဝမ်းနည်းစွာပြန်ခဲ့ရသော်လည်း (နောင် ၁၅ ရက်တွင်ကျင်းပသည့်) ရတနာ့ဂူနတ်ပွဲ၌ သုံးလေးကြိမ်မျှမြင်ခဲ့ရသဖြင့် ကျေနပ်ခဲ့ရပါသည်။ မိန်းကလေးတစ်ယောက်အား စိတ်ထဲက ချစ်ကြိုက်သည့် တခြားလူပျိုလေးများအဖို့ရာ၌ ဘယ်ကဲ့သို့ရှိကြသည်မဆိုနိုင်။ ကျွန်ုပ်အဖို့ရာတွင်မူ မျက်နှာကို တစ်ခဏတာလေးမျှမြင်လိုက်ရဖို့အရေးသည် ရောမကိစ္စကြီးတစ်ခုသဖွယ် သဘောထားမိပါတော့သည် . . ."**

**ပထမအကြိမ် မူးယစ်ခြင်း**

ကျွန်ုပ်သည် ထိုအချိန်သို့တိုင်အောင် သေအရက်ကို မြည်းဖူးသည်မရှိသေး။ တစ်ကြိမ်က သူငယ်ချင်းများ၏တိုက်တွန်းမှုကြောင့် ဘီယာကို တစ်ငုံမျှမြည်းကြည့်ရာ ခါးလွန်းသောကြောင့် ထွေးပစ်လိုက်ဖူး၏။ ဤတောင်ပြုန်းပွဲ၌မူကား သူငယ်ချင်းများနှင့်အတူ လှေဖြင့်သွားကြရာတွင် တခြားလူများ ပျော်ကြသည်ကိုမြင်ရ၍ သူတို့၏ပျော်နည်းကို စမ်းလိုသည်တစ်ကြောင်း၊ ကျွန်ုပ်ကိုယ်၌ကလည်း အလွန်အူမြူးလျက်ရှိ၍ ဘာမဆိုလုပ်မည်ဆိုသောစိတ်မျိုးဖြစ်နေသည် တစ်ကြောင်းကြောင့် လှေပေါ်တွင် တစ်ကြိမ်ပြင် နှစ်ကြိမ်မတိုက်တွန်းရဘဲ ဝီစကီနှင့်ဆိုဒါတစ်ခွက်ကို သူတို့နှင့်အတူ သောက်လိုက်၏။ ဝီစကီ၊ ဘရန်ဒီ စသော နိုင်ငံခြားအရက်များမှာ ထိုခေတ်၌ မည်မျှလောက်ဈေးချိုပါသနည်းဟူမူ လူတစ်ယောက် ငွေ ၁၀ စီစု၍ သွားကြသည့် ကျွန်ုပ်တို့အဖွဲ့သည် လှည်းခ၊ လှေခ၊ အိမ်ခနှင့် ထမင်းလေးနပ်အတွက် ချက်ပြုတ်စရိတ်များပါ ဖယ်ထားပြီးသည့်နောက် ထင်ရှူးသေတ္တာနှင့် တစ်လုံးအပြည့်အရက်အမျိုးမျိုး ဝယ်နိုင်ခဲ့ကြလေသည်။ ကျွန်ုပ်သည် ပထမအကြိမ်သောက်ခြင်းဖြစ်သော်လည်း အညှီမခံချင်တတ်သောဝါသနာကြောင့် သူတို့သောက်သလောက် လိုက်၍သောက်မိရာ ပျော်ဖို့ရာဝေးစွ တောင်ပြုန်းပွဲသို့ ဘယ်ပုံဘယ်နည်းရောက်လာသည်ကိုပင် မမှတ်မိနိုင်ပေ။ နောက်တစ်နေ့နံနက်၌ တည်းခိုသောအိမ်တွင် အိပ်ရာမှနိုးလာ၍ ဝတ်ထားသည့်လုံချည်ကိုကြည့်လိုက်ရာ ကျွန်ုပ်၏ လုံချည်မဟုတ်ကြောင်း သိရ၍သူငယ်ချင်းများအားမေးကြည့်၏။ သိရပုံမှာကား ကျွန်ုပ်သည် လှေဆိပ်မှ တည်းခိုသောအိမ်သို့ လမ်းမလျှောက်နိုင်သဖြင့် တွဲခေါ်ကြရကြောင်း၊ လမ်းတွင် လူငယ်တစ်ယောက်က သူ၏ကျောင်းနေဖက်သူငယ်ချင်း ဖြစ်ပါသည်ဟုဆိုကာ ကျွန်ုပ်ကို တည်းခိုသောအိမ်သို့ရောက်အောင် တွဲပို့ကြောင်း၊ ရောက်သောအခါ ကျွန်ုပ်၏လုံချည်အတွက် စိုးရိမ်ရသည်ဆိုကာ သူ၏လုံချည်နှင့် လဲဝတ်သွားပြီး နံနက်မှလာ၍ လဲပေးပါမည်ဟုပြောသွားကြောင်း သိရလေ၏။ ကျွန်ုပ်သည် အိပ်ရာမှထ၍ သူ၏ လုံချည်ကို ဖြန့်ကြည့်ရာ ပါတိတ်လုံချည်အနွမ်းကလေးဖြစ်၍ ကျွန်ုပ်၏လုံချည်မှာကား ယောလုံချည် ပွင့်ထိုးဖြစ်လေသည်။ ကျွန်ုပ် ပြန်၍စဉ်းစားသောအခါ ကျွန်ုပ်အားတွဲ၍ပို့သော ကျောင်းနေဖက်သူငယ်ချင်း၏မျက်နှာပေါ်လာ၍ ပြန်လာလိမ့်မည်ဟု မျှော်လင့်သည်နှင့် ခပ်အေးအေးပင် နေလိုက်၏။ သို့ရာတွင် ထိုနေ့ကလည်း ပေါ်မလာ။ နောင်တွင်လည်း တစ်သက်လုံး မတွေ့ရတော့ချေ။ ဤတွင် ကျွန်ုပ်မှာ ချည်လုံချည်မှတစ်ပါး တခြားလုံချည်ကောင်းလည်း မပါ။ ခါး၌ဝတ်လျက်ရှိသော ပါတိတ်လုံချည်နွမ်းကလေးနှင့်လည်း ပွဲတိုးရန်မဖြစ်နိုင်သောကြောင့် အိမ်၌သာ ကုပ်၍နေရတော့သည်။ မိန်းကလေးနှင့် မျက်နှာချင်းဆိုင်ရဖို့အတွက် မျှော်လင့်ချက်ကြီးစွာနှင့်လာခဲ့ရခြင်းမှာ "ခဲလေသမျှသဲရေကျ" ဖြစ်ခဲ့ရပါတော့သည်။ သို့ရာတွင် သင်ခန်းစာတစ်ခုတော့ရခဲ့ပါ၏။ ပထမအကြိမ်သောက်ခြင်း၌ ချက်ချင်းလက်ငင်းခံလိုက်ရခြင်းအတွက်ကြောင့် "အရက်သောက်ခဲ့လျှင် မလွန်စေနှင့်" ဟူသည့် ယောလုံချည်တစ်ထည်နှင့်လဲယူလိုက်ရသော ဩဝါဒသည် တစ်သက်လုံး စွဲမှတ်လောက်သည်ဖြစ်၍ ကျွန်ုပ်အဖို့ရာ၌ နောက်နောင်တွင် ဤအမှားမျိုး မှားခဲလှပါသည်။ (ကိုယ်ကျင့်တရားနှင့်ပတ်သက်သည့်ဩဝါဒမျိုးတို့မှာ စာလောက်နှင့်မပြီး၊ သူတစ်ပါးဟောပြော၍လည်း မလုံလောက်၊ လက်တွေ့ကြုံမှ သဘောပေါက်တတ်သည်ဖြစ်သောကြောင့် ကျွန်ုပ်သည် ယောလုံချည်ဆုံးရခြင်းအတွက် မနှမြောလှပေ။)

**အလစ်မပေးသောမိခင်**

ကျွန်ုပ်သည် တောင်ပြုန်းပွဲတွင် မိန်းကလေးနှင့် တစ်ကြိမ်မျှ မျက်နှာချင်းဆိုင်ခွင့်မရသဖြင့် ဝမ်းနည်းစွာပြန်ခဲ့ရသော်လည်း (နောင် ၁၅ ရက်တွင်ကျင်းပသည့်) ရတနာ့ဂူနတ်ပွဲ၌ သုံးလေးကြိမ်မျှမြင်ခဲ့ရသဖြင့် ကျေနပ်ခဲ့ရပါသည်။ မိန်းကလေးတစ်ယောက်အား စိတ်ထဲက ချစ်ကြိုက်သည့် တခြားလူပျိုလေးများအဖို့ရာ၌ ဘယ်ကဲ့သို့ရှိကြသည်မဆိုနိုင်။ ကျွန်ုပ်အဖို့ရာတွင်မူ မျက်နှာကို တစ်ခဏတာလေးမျှမြင်လိုက်ရဖို့အရေးသည် ရောမကိစ္စကြီးတစ်ခုသဖွယ် သဘောထားမိပါတော့သည်။ တစ်နေ့တစ်ကြိမ်မျှမြင်ဖို့အရေးအတွက် သူတို့အိမ်ရှေ့သို့ ဘာကိစ္စမျှမရှိဘဲ လမ်းသလားရလေရာ တစ်ခေါက်မမြင်ရလျှင် နောက်တစ်ခေါက်ထပ်၍လျှောက်ရပြန်သည်။ အဝေးအရပ်၌ နေသူဖြစ်လျှင်တော်ပါသေး၏။ ယခုမှာ သုံးအိမ်လောက်သာခြားသောကြောင့် သာ၍ ခွကျသည်ထင်၏။ ဤအထဲတွင် အိမ်နီးနားချင်းများက ရိပ်မိသွားမည်ကိုလည်း ရှက်လိုက်မိသေး၏။ ရတနာ့ဂူနတ်ပွဲသို့ အတူသွားကြသည့်သူငယ်ချင်းခြောက်ယောက်ခန့်အနက် သုံးယောက်လောက်က မိန်းကလေးအား ပိုးပန်းလျက်ရှိကြရာ သူတို့ကမူ ပြောင်ပြောင်ကြီးပိုး၍ နောက်မှတကောက်ကောက်လိုက်ကြသော်လည်း ကျွန်ုပ်ကမူ သူတို့မသိစေဘဲ 'အံ့ပုန်း'ပိုးနည်းမျိုးဖြင့်လည်း သူတို့နှင့်အတူ တပူးတွဲတွဲလိုက်ပါလျက်ရှိလေသည်။ ထိုလူစုအနက် တစ်ယောက်တလေကမူ ကျွန်ုပ်အား "ခင်ဗျားနဲ့ အိမ်နီးချင်းပဲဗျာ။ ကျုပ်တို့ကတော့ ခင်ဗျားကိုကပ်ရမှာပဲ" ဟူ၍ပြောဖူးလေသည်။ ထိုမိန်းကလေး၏ ထူးခြားသောအခြေအနေတစ်ခုမှာ ၎င်း၏မိခင်သည် မည်သည့်လမ်းသို့မျှ တစ်ယောက်တည်းမလွှတ်၊ တခြားမိန်းကလေးများနှင့်လည်း အပေါင်းအသင်းမလုပ်စေဘဲ တစ်ဦးတည်းသောသမီးပျိုလေးကို မျက်စိအောက်က အပျောက်မခံဆိုရလောက်အောင် ထိန်းသိမ်းစောင့်ရှောက်ထားခြင်းပင် ဖြစ်လေသည်။

**ကျေနပ်စွာနှင့်အံ့ဩခြင်း**

မိန်းကလေးနှင့်ပတ်သက်၍ ကျွန်ုပ်၏စိတ်ထဲ၌ အကြည်နူးဆုံးဖြစ်ခဲ့သည့် ပတ္တမြားစေတီဘုရားပွဲသွားခြင်းအကြောင်းကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်၌ စိတ်ကြည်နူးသည်ဆိုသောကြောင့် နေရာကျလှပြီဟု မမျှော်လင့်ကြပါနှင့်ဦး။ ကျွန်ုပ်၏ ပထမအကြိမ်ညှံ့ဖျင်းမှုကိုသာ တွေ့ရမည်ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤတစ်ကြိမ်တွင် ကာလသားသူငယ်ချင်းများနှင့်မဟုတ်ဘဲ ဗုဒ္ဓဘာသာကျောင်းဆရာအဖွဲ့နှင့်လိုက်ပါသွားခြင်းဖြစ်ရာ ကျောင်းဆရာများနှင့်အတူ သင်္ဘောပေါ်သို့တက်လိုက်မိသည်နှင့်တစ်ပြိုင်နက် ရင်ဘတ်ကို အတွင်းမှတင်းပုတ်ဖြင့် နှက်လိုက်သည့်နှယ် ကျွန်ုပ်၏နှလုံးသားသည် ရင်ဘတ်ကို ဒိန်းခနဲတက်ဆောင့်လိုက်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းမြတ်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် စာကြည့်တိုက်သို့ စဉ်ဆက်မပြတ် ဝင်ထွက်သွားလာတတ်သည့်အလေ့အထများ ဖြစ်ပေါ်စေရန်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏တန်ဖိုးနှင့်အရေးပါပုံ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ခြင်း၏ အနှစ်သာရများ၊ ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာသိရှိနိုင်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကိုကျင်းပရာ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအထက်တန်းအဆင့်နှင့် အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင် (ဗိသနိုးမြေ)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မပြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို နိုင်ငံ့ဝန်ထမ်းများ ဥပဒေအသိပညာဗဟုသုတများ ရရှိပြီး နိုင်ငံသားတစ်ဦးတာဝန်၊ နိုင်ငံ့တာဝန်များကို တည့်မတ်မှန်ကန်စွာထမ်းဆောင်နိုင်ရန်၊ ဥပဒေ၏ သဘောသဘာဝများကို သိရှိနားလည်ပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း သိရှိလိုက်နာကျင့်သုံးနိုင်ရန်နှင့် ဥပဒေအသိပညာဗဟုသုတများကို မိမိတို့၏ ဝန်ထမ်းအဖွဲ့အစည်းနှင့် မိမိတို့၏ မိသားစု၊ လူမှုပတ်ဝန်းကျင်အသိုက်အဝန်းအတွင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဥပဒေသည် နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့်အရာတစ်ခုဖြစ်သည့်အပြင် နိုင်ငံသားတိုင်း သိရှိလိုက်နာစောင့်ထိန်းကြရမည့် သတ်မှတ်ပြဋ္ဌာန်းချက်များဖြစ်ကြောင်း၊ ဥပဒေကို မသိနားမလည်ဟု ဆိုရုံမျှဖြင့် ဥပဒေက ခွင့်လွှတ်မည်မဟုတ်ကြောင်း၊ အထူးသဖြင့် နိုင်ငံ့တာဝန်များကို ထမ်းရွက်နေကြသည့် ဝန်ထမ်းများအနေဖြင့် ဥပဒေကို နားလည်တတ်ကျွမ်းပြီး လေးစားလိုက်နာကြမှသာ လုပ်ကိုင်ဆောင်ရွက်မှုများသည် အမှားအယွင်းကင်းကင်းနှင့် အကျိုးရှိပြီး မှန်ကန်ထိရောက်မည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်မည်ဖြစ်ကြောင်း မှာကြားသည်။

အဆိုပါ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းကို ဖေဖော်ဝါရီလ ၃ ရက်နှင့် ၄ ရက် နှစ်ရက်တာဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဇန်းပြသူများ”**ခေါင်းစဉ်ဖြင့် ၅-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်း ချောက်ချနေတဲ့ နိုင်ငံရေး ဇန်းပြများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့်ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၃

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။

(မိုး/ဇလ)

## တွံတေးမွေးမြူရေးဇုန်တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေးဆောင်ရွက်နေမှုများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တွံတေးမွေးမြူရေးဇုန်တွင် ရေလုံလောက်စွာသုံးစွဲနိုင်ရေး ဆောင်ရွက်နေမှုများအား ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဂေါပကအဖွဲ့ဝင်များအား စေတီတော်မြတ်ကြီးဘက်စုံပြုပြင် မွမ်းမံတည်ဆောက်ရေးအတွက် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကန်ကြီးကုန်းကျေးရွာရှိ ကန်ကြီးကုန်းရေလှောင်ကန်အား ပြန်လည်ပြုပြင်၍ ရေဂါလန် ၁၅၇ သန်းခန့် သိုလှောင်ထားရှိပြီး Solar စနစ်ဖြင့် မွေးမြူရေးဇုန်သို့ ရေပေးဝေနိုင်ရေးဆောင်ရွက်နေမှု၊ မွေးမြူရေးဇုန်အတွင်း ပုဂ္ဂလိကလုပ်ငန်းရှင်တစ်ဦး၏ ကြက်၊ ဝက်၊ ဘဲ၊ ငါးများအတွက် အစာစက်ရုံတည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှင်းလင်းဆောင်တွင် တိုင်းဒေသကြီး ဌာနဆိုင်ရာအကြီးအကဲများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ဇုန်အတွင်း မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများအတွက် လျှပ်စစ်မီးနှင့်ဆိုလာစနစ်ဖြင့် ရေလုံလောက်စွာရရှိရေးလုပ်ငန်းကိစ္စရပ်များဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မွေးမြူရေးဇုန်အတွင်း လျှပ်စစ်မီးရရှိရေး ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ 11 KV – Switch Board ဓာတ်အားပေးရုံ တည်ဆောက်ထားရှိမှု၊ တိုင်းဒေသကြီးဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကန်ကြီးကုန်းရေလှောင်ကန်မှ ရေအားမွေးမြူရေးဇုန်များသို့ ရေပေးဝေရန်နှင့် ဆိုလာပန့်ဖြင့် ရေအမြင့်တင်ပေးခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကံဘဲကျေးရွာအုပ်စုအတွင်း နွေစပါးကေ ၄၀၀၀ စိုက်ပျိုးရေရရှိရေး ၆ ပေ x ၁၂ ပေ ၆ ပေါက် ကဘင်းရေထိန်းတံခါးအမှတ်(၂) တည်ဆောက်ခြင်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။



ဝန်းရံခ

# ကောက်ယူထားသည့် eID အိမ်ထောင်စု လူဦးရေစာရင်းအား မြေပြင်နှင့်တိုက်ဆိုင် စစ်ဆေးခြင်းနှင့် အိမ်ထောင်စုအလွတ်ဖြင့် ကောက်ယူခြင်းသင်တန်းပို့ချ

လှိုင်ကော် ဖေဖော်ဝါရီ ၃

ယခင်ကောက်ယူထားသည့် eID အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိအခြေအနေကိုက်ညီမှန်ကန်ရေး မြေပြင်နှင့်တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အိမ်ထောင်စုအလွတ်ဖြင့် ကောက်ယူခြင်းသင်တန်းပို့ချခြင်းကို ဖေဖော်ဝါရီလ ၃ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လွိုင်ကော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မြို့နယ်အတွင်း မြေပြင်လူဦးရေစာရင်း တိကျမှန်ကန်စေရေးအတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီများဖွဲ့စည်းပြီး မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးအဖွဲ့များဖွဲ့စည်းခဲ့ကြောင်း၊ ယခုသင်တန်းသည် မြေပြင်၌ တစ်အိမ်တက်ဆင်း စာရင်းကောက်ယူရာတွင် လုပ်ငန်းများအဆင်ပြေစေရေးအတွက် ရှင်းလင်းဆွေးနွေးပို့ချမည့်သင်တန်းဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးက မြေပြင်ကွင်းဆင်းကောက်ယူရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး လက်ထောက်ညွှန်ကြားရေးမှူးက အိမ်ထောင်စုအမှတ်စဉ်များ ဖြည့်သွင်းနိုင်ရေးနှင့်လူဦးရေစာရင်းများ စိစစ်အတည်ပြုနိုင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသီးသီးဆွေးနွေးပို့ချခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ဦးစီးမှူးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းပို့ချမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လူဝင်ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၄၀၅)

# ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပန်းကုန်း (မွန်)ကျောင်း၌ လူငယ်စကားဝိုင်းဆွေးနွေး

ပေါင် ဖေဖော်ဝါရီ ၃



မွန်ပြည်နယ် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပန်းကုန်း(မွန်)ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပေါင်မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာငှက်တောင်ပျံ(ဇင်းကျိုက်)က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များပေါ်ထွက်လာစေရေး၊ ကျောင်းသားလူငယ်များ စာဖတ်စွမ်းရည်များတိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင်လုပ်ဆောင်ဆွေးနွေးတတ်သည့် အလေ့အကျင့်များ၊ ကိုယ်ရည်ကိုယ်သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပေါင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (ခွဲ)ပန်းကုန်း(မွန်)ကျောင်း Grade -11 မှ မဝိုင်းဝိုင်းငယ်က လူငယ်နှင့်ပညာရေး၊ Grade - 11 မှ မစန်းစန်းထွေးက လူငယ်နှင့်ကျန်းမာရေး၊ Grade - 11 မှ မဒွေးဒွေးလှိုင်က လူငယ်နှင့်ကိုယ်ကျင့်တရား၊ Grade -11 မှ မအိသဇင်ဖြိုးက လူငယ်နှင့်စာရိတ္တ၊ Grade - 10 မှ မောင်အာကာဖုန်းက လူငယ်နှင့်နည်းပညာ၊ Grade-10 မှ မအင်ကြင်းအောင်က လူငယ်နှင့်စာဖတ်ခြင်း၊ Grade -10 မှ မခိုင်သဇင်ထက်က လူငယ်နှင့်စည်းကမ်း၊ Grade-10 မှ မဝင်းဝင်းအေးက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများအပေါ် အခြေခံကာ မိမိတို့သိရှိလိုသည့်မေးခွန်းများကို မေးမြန်းကြရာ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

# ဇလွန်မြို့နယ်၌ ၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်

ဇလွန် ဖေဖော်ဝါရီ ၃


ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်၌ ၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၃ ရက်တွင် ဇလွန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အမျိုးသားဆောင်ခန်းမ၌ ကျင်းပသည်။

၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဇော်ဝမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးအုန်းကျော်က စာမတတ်သူကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်လာစေရန်၊ နိုင်ငံသားများ၏လူမှုဘဝမြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရန်နှင့် တာဝန်သိနိုင်ငံသားကောင်းဆိုင်ရာ အခြေခံအသိပညာပေးလုပ်ငန်းများကိုဆောင်ရွက်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးဇော်ဝမ်းနှင့် တာဝန်ရှိသူများ၊ ဇလွန်မြို့နယ် အခြေခံပညာကျောင်းများရှိ စာသင်ဝိုင်း ၃၈ ဝိုင်းမှ ကြီးကြပ်လေးဦးနှင့် နည်းပြ ၃၈ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| နမ့်စန်(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁.၄ ံC |
| ဟားခါး | ၂ ံC |
| ဟဲဟိုး | ၃.၄ ံC |
| မိုင်းယန်း | ၃.၈ ံC |
| ပြင်ဦးလွင် | ၃.၉ ံC |
| လွိုင်လင် | ၅ ံC |
| တီးတိန် | ၅.၃ ံC |
| ပင်လောင်း | ၆.၇ ံC |
| မြစ်ကြီးနား | ၈.၅ ံC |
| မိုင်းဆတ် | ၈.၇ ံC |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၅ |
| ရှမ်း(မြောက်) | ၉ | ၂၈ |
| ရှမ်း(အရှေ့) | ၉ | ၂၉ |
| ရှမ်း(တောင်) | ၈ | ၂၉ |
| ချင်း | ၅ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၀ | ၃၀ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၂ |
| နေပြည်တော် | ၁၆ | ၃၃ |
| မန္တလေး | ၁၆ | ၃၃ |
| မကွေး | ၁၃ | ၃၄ |
| ရခိုင် | ၁၄ | ၃၁ |
| ပဲခူး | ၁၅ | ၃၄ |
| ရန်ကုန် | ၁၈ | ၃၄ |
| ဧရာဝတီ | ၁၇ | ၃၅ |
| ကယား | ၈ | ၂၇ |
| ကရင် | ၁၉ | ၃၅ |
| မွန် | ၁၈ | ၃၅ |
| တနင်္သာရီ | ၂၂ | ၃၂ |

# မင်းလှမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေး

မင်းလှ ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို ဖေဖော်ဝါရီလ ၃ ရက်တွင် တောင်ရပ်ကွက်ရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်ဇင်မာဝင်းနှင့်သူနာပြုဆရာမများက မြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ၊ ဦးနှောက်အမြှေးရောင်၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးများထိုးနှံပေးပြီး ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့ကာ ကိုယ်ဝန်ဆောင်များအား ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

# တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် စာစစ်ဌာနကျောင်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းက တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် အခြေခံပညာစာစစ်ဌာနကျောင်းများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်နှင့် မီးလောင်မှု/ မီးလန့်မှုများမဖြစ်ပေါ်စေရန် စာသင်ကျောင်းအခြေပြု မီးဘေးကြိုတင်ကာကွယ်ရေး အကြံပြုစစ်ဆေးခြင်းကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် တောင်ဇင်းတိုက်နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းသူ၏ကြီးကြပ်မှုဖြင့်တောင်ဇင်းနယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များကကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများနှင့်အတူ တောင်ဇင်းတိုက်နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် တောင်ဇင်းအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနကျောင်းသို့သွားရောက်ပြီး ဆရာ၊ ဆရာမများနှင့်တွေ့ဆုံကာ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မီးလောင်မှု/မီးလန့်မှုများမဖြစ်ပေါ်စေရေး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် နယ်မြေမီးသတ်စခန်းတာဝန်ခံနှင့်တာဝန်ရှိသူများ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တက္ကသိုလ်ဝင်စာမေးပွဲကျင်းပမည့် တောင်ဇင်းအခြေခံပညာအထက်တန်းကျောင်းအားမီးဘေးအန္တရာယ်ကင်းဝေးစေရန်စာသင်ကျောင်းဆောင်များ၊ စာဖြေခန်းများနှင့်ကျောင်းပတ်ဝန်းကျင်၌ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပြုခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုနှင့်ပတ်သက်၍ မီးဘေးလုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ အရန်မီးစက်စီမံဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကာကွယ်ရေးသုံးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းအတွက် ရေသိုလှောင်ထားရှိမှုနှင့် ပြင်ပမှ မီးကူးစက်ပြန့်ပွားမှုမရှိစေရေးသန့်ရှင်းရေးဆောင်ရွက်ထားမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မီးဘေးလုံခြုံရေးအတွက် ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်သည်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**ရွှေတောင် ဖေဖော်ဝါရီ ၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အခြေခံပညာမူလတန်းကျောင်း( သရက်တော )မှ ကျောင်းသား၊ ကျောင်းသူများအသိပညာဗဟုသုတတိုးပွားစေရန် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကိုဖေဖော်ဝါရီလ ၃ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။



ရှေးဦးစွာ ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေးဒါလီနိုင်က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်းအရာများနှင့် အသိပညာဗဟုသုတတိုးပွားရေးအတွက်စာအုပ်စာစောင်များကိုလေ့လာဖတ်ရှုရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့်ကဗျာရွတ်ပြိုင်ပွဲကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား ဆုများပေးအပ်သည်။

ထို့နောက် ရွှေတောင်မြို့နယ် ပြည်သူ့စာကြည့်တိုက်မှ တိုင်းရင်းသားရိုးရာပုံပြင်များ၊ ရွှေသွေး၊ တေဇ၊ ပုံပြင်စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များဖြင့် စာအုပ်ပြပွဲဆောင်ရွက်ပြီး ပြည်ထောင်စုနေ့အထိမ်းအမှတ်အသိပညာပေးနံရံကပ်စာစောင်၊ ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ကလေးအလုပ်သမားပပျောက်ရေးနံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြကြောင်းသိရသည်။

ကိုကိုမင်း(ပြန်/ဆက်)

# စဉ်ဆက်ပညာရေးလုပ်ငန်းမြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်လှစ်

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း အမျိုးသားခန်းမ၌ မြို့နယ်ပညာရေးဦးစီးဌာနမှူးကြီးမှူး၍ စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်သက်နိုင်က စဉ်ဆက်ပညာရေးလုပ်ငန်းနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အဆိုပါ စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့်နည်းပြသင်တန်းကို ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ သုံးရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့

တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

# ထားဝယ်သူနာပြုသင်တန်းကျောင်း၌ မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ



**ထားဝယ် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်သူနာပြုသင်တန်းကျောင်း၏ အပတ်စဉ်(၃၂) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကိုဖေဖော်ဝါရီလ ၃ ရက်နံနက်ပိုင်းတွင် ထားဝယ်သူနာပြုသင်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ဦးစီးမှူး ထားဝယ်သူနာပြုသင်တန်းကျောင်း(စီမံဥက္ကဋ္ဌ)ဒေါက်တာမိုးဇော်က အမှာစကားပြောကြားပြီးကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကာ အပတ်စဉ်(၃၂) ပထမနှစ် သူနာပြုသင်တန်းသား၊ သင်တန်းသူ မောင်မယ်သစ်လွင် ၇၈ ဦးက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ဆက်လက်၍ မောင်မယ်သစ်လွင်များအားလုံး၏ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သူနာပြုသင်တန်းကျောင်းဖွံ့ဖြိုးရေးအတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာကျောင်းအုပ်ကြီးက လက်ခံရယူသည်။ ထို့နောက် မောင်မယ်သစ်လွင် သင်တန်းသား၊ သင်တန်းသူများက တေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။ **ကျော်ကျော်လတ်**

# တီဘီရောဂါတိုက်ဖျက်ရေး နယ်လှည့်ရှာဖွေကုသခြင်းလုပ်ငန်းများဆောင်ရွက်

**မုဒုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ်မြို့မ(၁)ရပ်ကွက်ရှိ ရှမ်းကျောင်းပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ နယ်လှည့်တီဘီရောဂါရှာဖွေကုသခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်နယ်(တီဘီ) Mobile Team မှဒေါက်တာထက်သူခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက လာရောက်ပြသသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ရွှေ့လျားကွန်ပျူတာဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်စစ်ဆေးခြင်းတို့ ဆောင်ရွက်ပြီး ရောဂါတွေ့ရှိသူများကို သလိပ်စစ်ဆေးခြင်းနှင့် လိုအပ်သည့်ဆေးကုသမှုများ ဆောင်ရွက်နိုင်စေရန် လမ်းညွှန်ပေးသည်။ ရောဂါပိုးတွေ့ရှိပါက ခြောက်လစာဆေးများကို မြို့နယ်ကျန်းမာရေးဝန်ထမ်းများထံပေးအပ်၍ ဆေးများကို ဝေဒနာရှင်များအနေဖြင့် ၎င်းတို့ထံမှ တစ်ဆင့် ထုတ်ယူနိုင်သည်။

ထိုသို့ နယ်လှည့်စစ်ဆေးကုသခြင်းဆောင်ရွက်ရခြင်းမှာ ပြည်သူလူထုအတွင်း တီဘီရောဂါဖြစ်ပွားပျံ့နှံ့မှုလျော့ချရန်၊ တီဘီရောဂါအကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့်အကြောင်းအမျိုးမျိုးကြောင့်တီဘီရောဂါတိုက်ဖျက်ရေးဌာနသို့ သွားရောက်စစ်ဆေးရန်အခက်အခဲရှိသည့် သံသယလူနာများကို တီဘီရောဂါရှိ၊ မရှိ စမ်းသပ်ဆေးကုသပေးနိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာငါးနေရာရှိ စုရပ်များ၌ငါးရက်ကြာ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

# ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ် အစားထိုး အင်ဖက်များ အခမဲ့ဖြန့်ဝေ



**ကံမ ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ကံမမြို့ မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ် လျော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်းနှင့် ကြွပ်ကြွပ်အိတ်အစားထိုးအင်ဖက်များ အခမဲ့ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ခြင်းကို မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထိုသို့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးဆောင်ရွက်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**လင်းခေး ဖေဖော်ဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်ခွင့်ပြုရန်ပုံငွေအသုံးပြုပြီး ပုန်းထွန်-နောင်တောင်လော ကျေးရွာကုန်ထုတ်လမ်းပေါ်၌ တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ယခုချိန်တွင်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါပုန်းထွန်-နောင်တောင်လော ကျေးရွာကုန်ထုတ်လမ်းပေါ်ရှိ တံတားနှစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီလ ၃ ရက်နံနက်ပိုင်းတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမြင့်သူ၊ တာဝန်ခံအင်ဂျင်နီယာနှင့်ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတံတားနှစ်စင်းမှာ အလျားပေ ၃၀၊ အနံ ၁၆ ပေ၊ အမြင့် ၁၆ ပေရှိပြီး ပြည်နယ်ခွင့်ပြုငွေကျပ် ၇၆ ဒသမ ၃၂၉ သန်းအသုံးပြု၍ ၂၀၂၄ ခုနှစ် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပုန်းထွန်-နောင်တောင်လောကျေးရွာ ကုန်ထုတ်လမ်းပေါ်၌ တံတားနှစ်စင်းဆောင်ရွက်ပြီးစီးမှုကြောင့် အဆိုပါကျေးရွာနှစ်ရွာရှိ ဒေသခံတောင်သူများ၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်းသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# စစ်ကိုင်းမြို့နယ်၌ ဆောင်းနေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၁၃၃၇ ဧက စိုက်ပျိုးရန်လျာထားရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ဆောင်းရာသီစိုက်ပျိုးချိန်မှာ ဆောင်းနေကြာကို ၃၁၃၃၇ ဧက စိုက်ပျိုးဖို့လျာထားရာမှာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ စစ်ကိုင်းမြို့နယ်အတွင်းမှာ ဆောင်းနေကြာကို ဆင်းရွှေကြာ (၂)နဲ့ ရေဆင်း(၁)မျိုးများကို အများဆုံးစိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးမျိုးသန့်အောင်က ပြောသည်။



စစ်ကိုင်းမြို့နယ်၌ ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်တွင်လည်း ဆီထွက်သီးနှံဖြစ်သည့် ဆောင်းနေကြာ ၃၁၂၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုစိုက်ပျိုးအောင်မြင်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေးနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံနှမ်း၊ နေကြာနှင့် မြေပဲတို့ကိုစားသုံးဆီအဖြစ်ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိမည်ဖြစ်ကြောင်း၊ ရှိပြီးသားစိုက်ပျိုးရေးထွက်ကုန်များကို ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံ့စီးပွားရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၃˚c |
| ရန်ကုန် | ၁၈˚c | / | ၃၄˚c |
| မန္တလေး | ၁၆˚c | / | ၃၃˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နောင်ရိုးမာန်

* ကြည်း ရေ လေ တပ်မတော်သား
နိုင်ငံ့ "အား" ရင်းမြစ်တည်။
တစ်သွေးတစ်သံ မိန့်နာခံလျက်
ရှေ့ဆက်လှမ်းချီ။
ပြည်သူနှင့် တွဲလက်ညီ
ရေးသုံးလီ ဦးထိပ်ထား။
မာန်ဝင့်ချီ ခွန်အားသစ်
ပြည်ချစ်တဲ့"သား"။

* ဇမ္ဗူတွင် ရှာမှရှား
ဇာနည်ဘွား သားလူမော်။
တည်ကြည်ကာ စိတ်ထားမြတ်
ပေးဆပ်ရင်းပျော်။
ငုပ်မိသဲ တိုင်စေနော်
မြဲခိုင်မော် သတ္တိဖွဲ့။
နောင်ရိုးမာန် မြန်မာ့"စံ"ကွဲ့
အောင်ပွဲခံ မော်ကွန်းထိုးမယ်
ကြိုးစားလို့နွဲ့။

* သစ္စာတည် ရင်မှာစွဲ
သတ္တိဖွဲ့နဲ့ စစ်မြေပြင်။
ရှုပ်ရှုပ်ချုံ တိုက်ချေမှုန်း
လက်ရုံးအားအင်။
တွေးထောက်ရှု ဉာဏ်ဆင်ခြင်
ငါတို့ရင် မြေကတုတ်။
သမိုင်းကြောင်း မတိမ်းစောင်းအောင်
ထောင်းထောင်းခြေထုတ်။

* တို့အရိုး စည်းရိုးလုပ်
ကျူပြင်ခုတ် ရန်အစွယ်။
တွန်းလှန်ဖယ် ပြည့်ရန်များ
ဆီးတားကာကွယ်။
တို့မြေရေ လေပိုင်နက်
နဘံဝယ် အောင်လံလွှင့်။
အထိမခံ စိတ်မှာမြဲ
ဝဲပျံကြွားဝင့်။ ။

**ရွှန်းညို(တာချီလိတ်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၄-၂-၂၀၂၅ (အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင်
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ သီချင်းလက်ဆောင်
၆။ ၁၄:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၇။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၈။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ

# “ဒီလို ပြပွဲပြိုင်ပွဲတွေက ဒေသအတွင်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ကို များစွာအထောက်အကူပြုမယ်လို့ ထင်ပါတယ်”

ဦးကျော်မင်းခိုင်(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-



**ဒေါ်ရီရီသန်း (စီးပွားရေးရာဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး)**



ကျွန်မတို့ တိုင်းဒေသကြီးပြခန်းမှာ အသေးစား၊ အငယ်စား၊ အလတ်စားနဲ့ OROP ထုတ်ကုန်တွေကို ပြသရောင်းချသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲအတွက်ကတော့ အမျိုးအစားတစ်မျိုးကို လုပ်ငန်းရှင်သုံးဦးစီနဲ့ လုပ်ငန်းရှင်ပေါင်း ၁၂ ဦးက ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်တွေအနေနဲ့ ဘရိတ်ရှူးနဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေ၊ ကြိမ်ထည်တွေ၊ အင်ကြင်းကျောက်ရတနာလုပ်ငန်းတွေပါဝင်မှာဖြစ်ပါတယ်။ သွင်းကုန်အစားထိုး တန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ ပလတ်စတစ်မျိုးစုံ၊ စပါးခွံချွတ်စက်၊ ဆန်စက်အပိုပစ္စည်းတွေ၊ မွေ့ရာ၊ ခေါင်းအုံး၊ ဖက်လုံး၊ ကလေးဒေသရိုးရာအထည်တွေ၊ ချင်းရိုးရာအထည်နဲ့ အဝတ်အထည်အသုံးအဆောင်ပစ္စည်းတွေ၊ ချည်ထည်အမျိုးမျိုး၊ ဆပ်ပြာကုန်ကြမ်းတွေ ပါဝင်ပါတယ်။

စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်အနေနဲ့ သဘာဝရေတ်သီးအကြမ်းမှုန့်၊ အနုမှုန့်၊ ငရုတ်အလှော်မှုန့်၊ နန္နွင်းမှုန့်၊ နို့၊ မလိုင်၊ မရန်းသီးအနှစ်၊ ဒန့်သလွန်သီး အခြေခံဆပ်ပြာ၊ ပေါင်းဆေး၊ ဆပ်ပြာခရင်၊ သစ်သီးယိုစုံ၊ ပဲစိမ်းမှုန့်၊ ပဲကျက်မှုန့်၊ ပဲကြာဆံ၊ တိုင်းရင်းဆေးအမျိုးမျိုး၊ မုံရွာစက်မှုဇုန်ထုတ် ထွက်ကုန်တွေ၊ ဝိုင်နဲ့ ဆိတ်သားခြောက်လုပ်ငန်းတွေ ပါဝင်မှာဖြစ်ပါတယ်။ ဒေသရိုးရာအစားအစာအရောင်းပြခန်းမှာ ခိုတောင်မုန့်တီ၊ ထမင်းသုပ်၊ ရေဦးဝက်အူချောင်း၊ လက်ဖက်အကြော်စုံ၊ ဆိတ်သားခြောက်၊ တိုဟူးခြောက်ကြော်၊ ကသာငါးကြီးချဉ်၊ ရွှေဘိုပေါင်းတင်၊ ရွှေဘိုဝင်းဝင်းကိတ်၊ ရှားစောင်းလက်ပပ်ယို စသဖြင့် ဒေသထွက်အစားအစာတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးထိန်စိုး(ဒုတိယညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ပြခန်းတာဝန်ခံ)**



ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲမှာ မွန်ပြည်နယ်အနေနဲ့ ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်ပစ္စည်းတွေကို လုပ်ငန်းရှစ်ခုက ထုတ်ကုန် ၅၃ မျိုး၊ သွင်းကုန်အစားထိုးတန်ဖိုးမြှင့်ထုတ်ကုန်တွေအနေနဲ့ ကဏ္ဍလေးခုက ထုတ်ကုန် ၂၅ မျိုး၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းသုံးခုက ထုတ်ကုန် ၁၂ မျိုး၊ ပြည်ပပို့ကုန်ကဏ္ဍမှာ လုပ်ငန်းသုံးခုက ထုတ်ကုန် ရှစ်မျိုး၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP)ထုတ်ကုန်တွေအနေနဲ့ လုပ်ငန်းခုနစ်ခုက ထုတ်ကုန် ၈၅ မျိုး စုစုပေါင်းကဏ္ဍငါးခုက ထုတ်ကုန်အရေအတွက် ၁၈၃ မျိုး ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပြခန်းမှာ ပြည်ပပို့ကုန်တွေကို အဓိကထားပြီး ပြသသွားမှာဖြစ်ပြီး ကွမ်းသီး၊ ဝဥ၊ ဝဥမှုန့်၊ လုပ်ငန်းသုံးဆား၊ ငါး၊ ပုစွန်တွေကို လာရောက်ပြသမှာဖြစ်ပါတယ်။ ရွာလွတ်ကျေးရွာက လက်မှုပစ္စည်းတွေ၊ မုဒွန်းကျေးရွာက ကျောက်သင်ပုန်း၊ ဆေးတံတွေ၊ ရော်ဘာနဲ့ပတ်သက်တဲ့ပစ္စည်းတွေဖြစ်တဲ့ ကားတာယာတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

ဒေသထွက်ရိုးရာ အစားအစာတွေအနေနဲ့ ကျွန်တော်တို့ မြန်မာတွေအားလုံး သိရှိပြီးဖြစ်တဲ့ သင်္ကြန်ထမင်းနဲ့ လက်ညှစ်ရေစိမ်မုန့်တီတွေကိုအဓိကထားပြီး ရောင်းချသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွဲကောသီး အပါအဝင် ဒေသထွက်အသီးအနှံတွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးကြေးမုံထွန်း (ဒုတိယညွှန်ကြားရေးမှူး၊ ကရင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**



ကျွန်တော်တို့ ပြည်နယ်ပြခန်းမှာ ပြည်တွင်းကုန်ကြမ်းသုံး ထုတ်ကုန် ၂၇ မျိုး၊ သွင်းကုန်အစားထိုးထုတ်ကုန် ၃၃ မျိုး၊ OROP ထုတ်ကုန်သုံးမျိုး စုစည်းပြသရောင်းချသွားမှာ ဖြစ်ပါတယ်။ ပြည်တွင်းထုတ်ကုန်လုပ်ငန်းအနေနဲ့ အသေးစားလုပ်ငန်းတစ်ခု၊ အငယ်စားလုပ်ငန်းနှစ်ခု ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပြည်နယ်က OROP ထုတ်ကုန်အနေနဲ့ သံတောင်ကြီးကော်ဖီ၊ ရော်ဘာနဲ့ ဆန်စပါး ဒီသုံးမျိုးပါဝင်ယှဉ်ပြိုင်ဖို့ ရွေးချယ်ထားပါတယ်။ ရိုးရာအစားအသောက်ဆိုင်ခန်းမှာဆိုရင် ကရင်မုန့်တီ၊ တာလပေါ့ဟင်းလျာတွေ၊ မုန့်ခွက်ပြင်၊ ကောက်ညှင်းကျည်တောက်၊ ငှက်ပျောခြောက်စတဲ့ဒေသထွက်အစားအစာတွေကို အဓိက ရောင်းချသွားမှာဖြစ်ပါတယ်။ ဒီလိုပြပွဲကနေတစ်ဆင့် ကျွန်တော်တို့ ဒေသက MSME လုပ်ငန်းရှင်တွေနဲ့ တခြားဒေသက MSME လုပ်ငန်းရှင်တွေ အချင်းချင်း အချိတ်အဆက်ရအောင်၊ ဒေသရဲ့ထုတ်ကုန်အရင်းအမြစ်တွေကို ဖလှယ်လို့ရအောင်၊ အားသာချက်တွေရရှိအောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**ဦးကျော်မင်းခိုင်(တိုင်းရင်းသားရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)**



ကချင်ပြည်နယ်ပြခန်းမှာ ကချင်ပြည်နယ်ကထွက်တဲ့ ကုန်ကြမ်းထုတ်ကုန် ၈၇ မျိုး၊ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန် ၄၁ မျိုးနဲ့ OROP ထုတ်ကုန် ၁၈ မျိုးကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ OROP အနေနဲ့ ကချင်ပြည်နယ်ရဲ့ အထင်ကရဖြစ်တဲ့ ကချင်ရိုးရာအထည်တွေ၊ ဂရိတ်ဖရုအသီး၊ သစ်ကြားသီးတွေ၊ မက်လင်ချဉ်ခြောက်နဲ့ ပြည်ပတင်ပို့နေတဲ့ တစ်သျှူးငှက်ပျောတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသထွက်ရိုးပတီးကုန်ကြမ်းနဲ့ပြုလုပ်ထားတဲ့ ဆပ်ပြာ၊ အမွှေးနံ့သာဆီ၊ ဝိုင်၊ အသားခြောက်လုပ်ငန်းနဲ့ ကျွန်တော်တို့ပြည်နယ်ကထွက်တဲ့ ကျောက်စိမ်းတွေကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ဒေသက လာရတာအလှမ်းဝေးပါတယ်။ ကုန်ကျစရိတ်ကလည်း အတော်များတော့ ပြည်နယ်အစိုးရက ကျခံပေးပါတယ်။ လုပ်ငန်းရှင်တွေ ဒီလို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲတွေမှာ ပါဝင်ပြသနိုင်အောင် ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကြိုးစားပါတယ်။ အကျိုးအမြတ်တွေကိုလည်း ရှင်းပြတော့ လုပ်ငန်းရှင်တွေလည်း စိတ်ဝင်စားလာကြတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေက ဒေသအတွင်း MSME လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ကို များစွာအထောက်အကူပြုမယ်လို့ ထင်ပါတယ်။ ဒီလို ပြပွဲပြိုင်ပွဲတွေကနေ တစ်ဒေသနဲ့တစ်ဒေသ မတူကွဲပြားတဲ့ အကျင့်စရိုက်တွေ၊ အစားအသောက်တွေ၊ ဓလေ့တွေ အားလုံးကိုနားလည်သွားလိမ့်မယ်။ တိုင်းရင်းသားတွေအချင်းချင်း ပြည်ထောင်စုဖွားတွေပဲဆိုတဲ့ စိတ်ဓာတ်နဲ့ ပိုမိုနီးစပ်လာမယ်လို့ ထင်ပါတယ်။ ဒါကြောင့် နှစ်စဉ်ကျင်းပပေးသင့်တယ်လို့ ထင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**

**ဓာတ်ပုံ-ဖိုးပြည့်စုံ**

---

❒ **ကျောဖုံးမှအဆက်**

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဇယားအလယ်တွင် အပေါ်၊ အောက် ရပ်တည်နေသည့် နှစ်သင်းထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး မဟာယူနိုက်တက်အသင်းက တိုက်စစ်မှူး ပက်ထရစ်၏ ဂိုးများဖြင့် အနိုင်ရရှိကာ အဆင့်ဖ နေရာသို့ တက်လှမ်းနိုင်ခဲ့သည်။ ရတနာပုံအသင်းမှာမူ နိုင်ပွဲပျောက်ဆုံးမှုနှင့်အတူ အဆင့်ကျသွားခဲ့သည်။

နှစ်သင်းစလုံးလူစုံပါဝင်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၆ မိနစ်တွင် တိုက်စစ်မှူး ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး ဂိုးရရန်ကြိုးပမ်းခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ၅၉ မိနစ်တွင် ပက်ထရစ်က သွင်းယူခဲ့သည်၊ ယခုပွဲအတွက်အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်းမှ ခန့်ဇင်ဟိန်းက ရရှိသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ဟံသာဝတီအသင်းကို ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

သစ္စာအားမာန်အသင်းသည် ၆၂ မိနစ်တွင် စောမျိုးဇော်သွင်းယူသည့် ပယ်နယ်တီဂိုးဖြင့် အနိုင်ရခဲ့ပြီး တန်းဆင်းဇုန်အန္တရာယ်မှလွတ်ရန် အခြေအနေကောင်းသွားပြီဖြစ်သည်။

ဟံသာဝတီအသင်းမှာမူ ယခုရှုံးပွဲကြောင့် ဒုတိယနေရာမှ ဖယ်ပေးခဲ့ရပြီး ရှမ်းယူနိုက်တက်အသင်းမှာလည်း ချန်ပီယံဆုနှင့် ပိုမိုနီးစပ်သွားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို သစ္စာအားမာန်အသင်းမှ စောမျိုးဇော်ကရရှိသည်။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀ ဖြင့် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၄၁ မှတ်၊ ဟံသာဝတီယူနိုက်တက်အသင်းက ရမှတ် ၄၀၊ ဒဂုံစတားယူနိုက်တက်အသင်းက ၃၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၈ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၆ မှတ်၊ ရတနာပုံအသင်းက ၂၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ မှတ်၊ Dagon Port အသင်းက ၁၅ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက ငါးမှတ်ရရှိထားသည်။

**သတင်း-ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်









တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)တွင် လိုက်ပါလာသည့် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့များက ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



**နေပြည်တော် ဖေဖော်ဝါရီ ၃**

တနင်္သာရီကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည်ယနေ့တွင်ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့ရှိတပ်မတော်ဆေးရုံ၌ အခြေပြု၍ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၆၁၉ ဦးအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၅ ဦး၊ ခွဲစိတ်ရောဂါ ၄၃ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၄၈ ဦး၊ အရိုးရောဂါ ၁၁၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၀ ဦး၊ မျက်စိရောဂါ ၁၃၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦး တို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၃၅ ဦး၊ ခေတ်မှန်ရိုက်လူနာ ၅၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၀ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာ ၁၃ ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"ကျွန်မတို့ မရှိဆင်းရဲသားတွေအနေနဲ့ အခုလိုတပ်မတော်ဆေးသင်္ဘောကြီးက လာရောက်ပြီးတော့ ဆေးကုသပေးတဲ့ အတွက် အရမ်းကိုအဆင်ပြေပါတယ်။ ငွေကုန်ကြေးကျ နည်းတဲ့အခါကျတော့ လည်း သွားရေးလာရေးစရိတ်လောက်ပဲ ကုန်ကျတဲ့အတွက် အားလုံးအဆင်ပြေပါ တယ်။ ဟိုင်းကြီးကျွန်းဒေသအတွက်ကို အခုလို တပ်မတော်ဆေးသင်္ဘောက ဆရာဝန်၊ ဆရာမတွေအနေနဲ့နောက်နှစ်တွေမှာ လည်းပြည်သူလူထုအတွက်ကို ဆေးကုသမှု တွေ လာရောက်ကုသပေးနိုင်ဖို့ ဖိတ်လည်း ဖိတ်ခေါ်တယ်၊ ကျေးဇူးလည်းတင်ပါတယ်" ဟုပြောသည်။

"အခုလို တပ်မတော်ဆေးသင်္ဘောကြီး







လာရောက်ပြီးတော့ ဆေးကုသပေးတဲ့ အတွက် အများကြီးကျေးဇူးတင်ပါတယ်။ အကုန်အကျလည်း သက်သာပါတယ်။ ကျွန်တော်တို့ နဂိုတုန်းက ရောဂါဖြစ်တယ် ဆိုရင်တိုက်နယ်ဆေးရုံလာရတယ်၊ ရောဂါ ပြင်းပြင်းထန်ထန်ဆိုလို့ရှိရင် ပုသိမ်၊ ရန်ကုန် အဲ့ဒီလောက်ထိသွားရပါတယ်။ ကုန်ကျ စရိတ်တွေလည်း တအားများပါတယ်။ နောက်ပြီးတွေ့ရတာကတော့ သွားဆိုရင် သွား၊ ရောဂါပေါင်းစုံပေါ့ ဆရာမရယ်။ သူ့ဌာနနဲ့သူ လုပ်ပေးပြီးတော့ နေရာတကျ စီစဉ်ဆောင်ရွက်ပြီးတော့ လိုက်လံပို့ဆောင် ပေးတဲ့အထိ တပ်မတော်သားတွေက လုပ်ကိုင်ပေးနေပါတယ်၊ အခုလို လာရောက် ကုသပေးတဲ့အတွက် ဆေးရုံသင်္ဘောကြီး ရော၊ တပ်မတော်သားတွေကိုရော အများ ကြီး ကျေးဇူးတင်ပါတယ်။ နောက်နှစ် နောက်နှစ်တွေမှာလည်း အမြဲတမ်းလာ ရောက်ပြီး ကုသနိုင်ပါစေလို့ ဆုတောင်း ပါတယ်" ဟုပြောသည်။

(၁၀၀)

# ရွှေစည်းခုံစေတီတော်ကြီးအား ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေး ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသရှိ ရွှေစည်းခုံစေတီတော်ကြီး ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင်ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲဆောင်ရွက်နိုင်ရေး ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌ၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် တာဝန်ရှိသူများ၊ ရွှေစည်းခုံဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်မည့် ရွှေစည်းခုံစေတီတော် Master Plan ရေးဆွဲရေးဦးဆောင်ကော်မတီ၊ Master Plan ရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် အထောက်အကူပြုကော်မတီများဖွဲ့စည်းပြီး အစည်းအဝေးများကျင်းပကာ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း။

ထို့ပြင်အစည်းအဝေးများမှရရှိလာသော ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် Master Plan မူကြမ်းစီစဉ်ထားရှိပြီးဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတက်ရောက်လာကြသူများက ရွှေစည်းခုံစေတီတော်ကြီး၏ Master Plan မူကြမ်းစီစဉ်ထားရှိမှုအပေါ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြစေလိုကြောင်း၊ Master Plan ရေးဆွဲပြီးစီးပါက နိုင်ငံတော်အကြီးအကဲထံ အတည်ပြုချက်ရယူပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်ရမည်ဖြစ်သဖြင့် အကောင်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေစည်းခုံစေတီတော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ရေရှည်စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ဘက်စုံလွှမ်းခြုံသော လုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လိုအပ်ချက်မရှိစေရန် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့်အစည်းအဝေးတက်ရောက်လာကြသူများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ထည့်သွင်းရေးဆွဲသင့်သည်များ၊ သတ်မှတ်ကာလအတွင်း Master Plan(မူကြမ်း) ပြီးစီးရန် ဆောင်ရွက်မည့် အစီအစဉ်များကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပြီး Master Plan အား အပြည့်စုံဆုံး၊ အကောင်းဆုံးဖြစ်စေရေး၊ သတ်မှတ်ထားသည့်အချိန်တွင်ပြီးစီးနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနိုင်ရေးနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ မှာကြား



နေပြည်တော် ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေနှင့် တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပညာရေးမှူးများတွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပဉ္စမတန်း(Grade-5)နှင့် အခြေခံပညာ အလယ်တန်းဆင့် နဝမတန်း(Grade-9) နှစ်ဆုံးစာမေးပွဲများနီးကပ်လာပြီဖြစ်၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများထိန်းသိမ်းရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသော ပညာတတ်လူတော်များ မွေးထုတ်ပေးနိုင်ရေးအတွက်ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အလိုက်မှတ်တမ်းတို Documentary ပြုစုရေး၊ အဝေးသင်ပညာရေးမြှင့်တင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာရေးအဆင့်ကတည်းက အမှန်တကယ် ပညာတတ်မြောက်အောင် သင်ကြားပေးရေး၊ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မှုမြှင့်တင်၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး၊ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားအောင်လေ့ကျင့်ပေးရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ဆရာအတတ်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နှင်းကြည်တို့က အဆင့်မြင့်ပညာရေးကဏ္ဍဆိုင်ရာ၊ အခြေခံပညာရေးကဏ္ဍဆိုင်ရာနှင့် ဆရာအတတ်ပညာရေးဆိုင်ရာကဏ္ဍများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီးနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရှိရသည်။

(၅၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်သူ၊ ဦးထွန်းမြင့်ဦး၊ ဦးကျော်စိုးမိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများကဌာနခွဲများအလိုက်လုပ်ငန်းတာဝန်များဆောင်ရွက်နေမှု၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇော်မင်းထက်တို့က ဌာနမှဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီး Jeng Phang



နော်တောင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## အများအားဖြင့် သာယာမည်

၄-၂-၂၀၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

(မိုး/ဇလ)

# ကုန်ဈေးနှုန်းကြီးမြင့်ခြင်း သို့မဟုတ် ငွေကြေးဖောင်းပွခြင်းဆိုသည်မှာ

စောနိုင်(အသုံးချဘောဂဗေဒ)

စီးပွားရေးအဆောက်အအုံ၌ ကုန်ပစ္စည်းအမျိုးမျိုးတို့၏ဈေးနှုန်းများ အချိန်နှင့်အမျှ မြင့်တက်နေခြင်းကို ငွေကြေးဖောင်းပွမှုဖြစ်နေသည်ဟုဆိုကြသည်။ ကုန်ဈေးနှုန်းမြင့်တက်မှု အနည်းငယ် သို့မဟုတ် ဖြည်းဖြည်းမှန်မှန်သာဖြစ်နေပါက(စိုးရိမ်ကြီးကြမည်မဟုတ်ဘဲ) စီးပွားရေးအဆောက်အအုံကြီးထွားလာနေသည်ဟု ဆိုရပေမည်။ သို့သော် ကုန်စည်အမျိုးမျိုးတို့၏ဈေးနှုန်းများသည် အဆက်မပြတ်၊ မရပ်မနား အရှိန်ဖြင့်မြင့်တက်နေပါက ငွေကြေးဖောင်းပွမှုသည် လူမှုအဖွဲ့အစည်းအတွင်း ပြဿနာကြီးတစ်ရပ်ဖြစ်လာပြီး စီးပွားရေးအဆောက်အအုံအတွင်းရှိ လူများအားလုံးအပေါ် ထိခိုက်နစ်နာမှုများဖြစ်လာစေတော့သည်။

စီးပွားရေးအဆောက်အအုံအတွင်း ထုတ်လုပ်မှုများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ Real Economy ဟုလည်းကောင်း၊ ငွေကြေးလည်ပတ်မှုအခြေအနေ၊ ငွေကြေးစနစ်၊ ရင်းနှီးမြှုပ်နှံမှုများကို Financial Economy ဟုလည်းကောင်း ခွဲခြားရှုမြင်မှုများရှိသည်။ တစ်နည်းဆိုသော် စီးပွားရေးအဆောက်အအုံအတွင်း အမှန်တကယ်စီးပွားရေး (real economy)နှင့် ငွေကြေးစီးပွားရေး (financial economy)ဟူ၍ ရှိသည်ဟုဆိုနိုင်သည်။ ထိုအခြေအနေနှစ်ရပ် မျှတဖို့လိုအပ်သည်၊ ဆိုလိုသည်မှာ ငွေကြေးအခြေအနေနှင့် ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊ လဲလှယ်မှု၊ စားသုံးမှုအခြေအနေတို့ အနည်းငယ်အတိမ်းအစောင်းရှိသည်ကလွဲ၍ များသောအားဖြင့် မျှခြေအခြေအနေရှိနေရန်လိုအပ်ခြင်းဖြစ်သည်။

ပိုလျှံမှုသည် မညီမျှမှုဆီသို့ ဦးတည်သွားတတ်ပြီး ဘေးထွက်ဆိုးကျိုးများဖြစ်ပေါ်စေတတ်သည်။ မညီမျှမှုသည် ရလဒ်ကောင်းများမရရှိနိုင်။ မျှတမှုရှိခြင်းသည်သာ ရေရှည်ခံသောကောင်းမွန်သည့်ဖြစ်ထွန်းမှုကို ရရှိစေနိုင်သည်ဟု ဆိုကြသည်။ ထို့ကြောင့် စီးပွားရေးအဆောက်အအုံအတွင်း၌ ကုန်စည်ထုတ်လုပ်မှုများ ပိုလျှံ၍ ဈေးကွက်ထဲတွင် အလွန်အမင်းပေါများနေပါက ဝယ်ယူစားသုံးသူ ရှုထောင့်မှကြည့်လျှင် ကောင်းသည်ဟုဆိုသည့်တိုင် ရေရှည်ကာလ၌ ဈေးကွက်အတွင်း အခြေအနေကောင်းများဖြစ်မလာနိုင်ပေ။ ဈေးနှုန်းများကျလာခြင်း၊ ထုတ်လုပ်သူများအတွက် မက်လုံးများကျဆင်းလာခြင်း၊ ထုတ်လုပ်မှုကျဆင်းလာခြင်း စသည့်ဆက်စပ်အကျိုးဆက်ဆက်လက် ဖြစ်ပေါ်လာပြီးနောက် နောက်ဆုံးမက်ခရိုစီးပွားရေးအခြေအနေပေါ်ဆိုးကျိုးများဖြစ်ပေါ်လာကာ စီးပွားရေးကျပ်တည်းလာတတ်သည်။

ထို့အတူ စီးပွားရေးအဆောက်အအုံအတွင်း လည်ပတ်သုံးစွဲနေသည့်ငွေကြေးပမာဏသည် ထုတ်လုပ်နိုင်မှုအခြေအနေထက် ပိုလျှံများပြားနေပါကလည်း ဈေးကွက်အတွင်း ဈေးနှုန်းများမြင့်တက်ကာ စားသုံးသူအတွက် အခက်အခဲဖြစ်ပေါ်ခြင်း၊ ဝယ်လိုအားကျဆင်းလာခြင်း၊ ဆက်လက်မြင့်တက်နေပါက ဝယ်လိုအားကျဆင်းမှုမှတစ်ဆင့် ရောင်းလိုအားဘက်ရှိ ထုတ်လုပ်ရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များပါ အခက်အခဲများကြုံတွေ့လာနိုင်ပေသည်။

စီးပွားရေး အဆောက်အအုံအတွင်း ငွေကြေးပမာဏ ပိုလျှံလွန်းလျှင်လည်းကောင်း၊ ထုတ်ကုန်ပစ္စည်းများ ပိုမိုများပြားလာလျှင်လည်းကောင်း ရေရှည်၌စီးပွားရေးအဆောက်အအုံသည် ကြံ့ခိုင်မှု



အားကောင်းစွာ ပံ့မှန်လည်ပတ်မှုမရှိနိုင်။ ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ဦးတည်နိုင်မည်မဟုတ်ပေ။

ယနေ့ကြုံတွေ့နေရသော ကုန်ပစ္စည်းများအားလုံး ဈေးနှုန်းမြင့်တက်နေခြင်းသည် ထုတ်လုပ်မှုပမာဏနှင့်လည်ပတ်သုံးစွဲနေသည့်ငွေကြေးပမာဏ မညီမျှမှု၏ အကျိုးဆက်ဟု ယေဘုယျအားဖြင့် ကောက်ချက်ချနိုင်သည်။ ပိုလျှံနေသောငွေကြေးပမာဏသည် ဆက်စပ်မှုရှိသည့် ကဏ္ဍအသီးသီးသို့ စီးဝင်လျက်ရှိရာ အဆိုပါကဏ္ဍများရှိ ကုန်စည်များ၊ ဝန်ဆောင်မှုများ၏ ဈေးနှုန်းများမှာ ယခင်ကာလများထက် ပိုမိုမြင့်တက်လာလိမ့်မည်။ ပိုမိုစီးဝင်လာသောငွေကြေးများသည် ပိုမိုမြင့်မားသည့်ဈေးနှုန်းအဆင့်များကိုဖြစ်ပေါ်လာစေပြီး ပြင်းထန်သောငွေကြေးဖောင်းပွမှုဆီသို့ ဦးတည်သွားတော့သည်။ ဈေးနှုန်းမြင့်တက်နေချိန်တွင် စားသုံးသူများအနေဖြင့် လူမှုရေး၊ စီးပွားရေးအသုံးစရိတ် မြင့်တက်မှုများကြုံလာရသကဲ့သို့ ထုတ်လုပ်သူများကိုလည်း မြင့်မားသောအတိုးနှုန်းကြောင့် ထုတ်လုပ်မှုစရိတ်စက ကြီးမြင့်မှုများဖြစ်စေသည်။ နောက်ဆုံးတွင် စီးပွားရေးအဆောက်အအုံအတွင်းရှိ ဈေးကွက်အင်အားစုနှစ်ရပ်စလုံး (စားသုံးသူများနှင့် ထုတ်လုပ်သူများ) ငွေကြေးဖောင်းပွမှုဒဏ်ကိုခံစားကြရတော့သည်။ ထို့ကြောင့် ပိုလျှံနေသောငွေကြေးများကို ထိန်းချုပ်ရန် လိုအပ်ခြင်းဖြစ်သည်။

## ကုန်ဈေးနှုန်းကြီးမြင့်လာမှုကို မည်သည့်အခြေအနေများက လွှမ်းမိုးနေသနည်း

ထုတ်လုပ်ထားသည့် ကုန်စည်နှင့် ဝန်ဆောင်မှုပမာဏနှင့်ငွေကြေးပမာဏ (money supply)တို့သည် အဓိကလွှမ်းမိုးနေသည့် အကြောင်းတရားများဖြစ်နေသည်။ ထို့ကြောင့် စီးပွားရေးအဆောက်အအုံအတွင်း ကုန်စည်နှင့်ဝန်ဆောင်မှုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အားပေးလုပ်ဆောင်ရန်လိုသကဲ့သို့ငွေကြေးပမာဏမြင့်တက်လာမှုကို ထိန်းသိမ်းထားနိုင်ရေး ပြင်ဆင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

## ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်နိုင်ရန် မည်သို့စီမံခန့်ခွဲလုပ်ဆောင်ကြမည်နည်း

ဘဏ္ဍာရေးမူဝါဒကို အသုံးပြုခြင်း၊ ရောင်းလိုအားမြင့်တက်စေရန်လုပ်ဆောင်ခြင်း၊ ဈေးကွက်အတွင်း ယှဉ်ပြိုင်လုပ်ကိုင်မှုများ မြင့်မားစေရန်အားပေးခြင်း၊ ထောက်ပံ့ကြေးများနှင့်ဈေးနှုန်းထိန်းချုပ်မှုများ လုပ်ဆောင်ခြင်း စသည်ဖြင့် နိုင်ငံအသီးသီးတို့သည် ၎င်းတို့၏စီးပွားရေးအခြေအနေပေါ်မူတည်၍ သင့်လျော်သောနည်းလမ်းများဖြင့် အားထုတ်လုပ်ဆောင်နေကြသည်။

နိုင်ငံအများစုတွင် ကုန်ဈေးနှုန်းမြင့်တက်မှုကို ထိန်းကျောင်းရာတွင် အောက်ပါနည်းလမ်းများကို သင့်လျော်သလိုကျင့်သုံးလုပ်ဆောင်နေကြသည်ကို တွေ့ရသည်။

## ငွေကြေးမူဝါဒကျင့်သုံးခြင်း

အကျုံ့ငွေကြေးမူဝါဒ(contractionary monetary policy)သည် အသုံးများ၍ ထိရောက်သော နည်းလမ်းတစ်ခုဖြစ်သည်ဟုဆိုကြသည်။ အဆိုပါမူဝါဒတွင် အစိုးရငွေချေးစာချုပ် ဈေးနှုန်းများကို လျှော့ချပေးခြင်း(lowering bond prices) နှင့် အတိုးနှုန်းများမြှင့်တင်ခြင်း (raising interest rates)တို့ပြုလုပ်လျက် စီးပွားရေးအဆောက်အအုံအတွင်း ငွေကြေးပမာဏ လျော့ကျစေရန် လုပ်ဆောင်ကြသည်။ လွတ်လပ်သောဈေးကွက်အတွင်း ငွေချေးစာချုပ်များရောင်းချခြင်း၊ ဘဏ်များ၏ အရန်ငွေပမာဏမြှင့်တင်သတ်မှတ်ခြင်းတို့ဖြင့်လည်း ငွေကြေးပမာဏလျော့ကျစေရန်စီမံတတ်ကြသည်။

## ဘဏ္ဍာရေးမူဝါဒကျင့်သုံးခြင်း

အစိုးရအသုံးစရိတ်၊ ပြည်သူ့ကြွေးမြီနှင့် အခွန်များအပါအဝင် ဘဏ္ဍာရေးမူဝါဒသည်လည်း ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းစေရေး လုပ်ဆောင်ရာတွင် ထိရောက်သောကိရိယာဖြစ်သည်။ အစိုးရအသုံးစရိတ်ကို လျှော့ချခြင်းသည် ပြည်သူများ၏ကုန်စည်နှင့်ဝန်ဆောင်မှုဝယ်လိုအားကို လျော့ကျစေနိုင်ပြီး ငွေကြေးဖောင်းပွမှုဆိုင်ရာဖိအားများကို လျှော့ချနိုင်သည်။ ပုဂ္ဂလိကကဏ္ဍများ၏ ဝင်ငွေအပေါ်အခွန်တိုးမြှင့်ကောက်ခံခြင်းသည်လည်း ဝင်ငွေရရှိမှုပမာဏကို လျော့နည်းကျဆင်းလာစေပြီး စားသုံးမှုအသုံးစရိတ်ကို ကန့်သတ်မှုဖြစ်စေကာ စုစုပေါင်းဝယ်လိုအားကို လျှော့ချပေးနိုင်သည်။ ပိုလျှံဘတ်ဂျက်မူဝါဒ(surplus budgeting policy) (အခွန်အကောက်ရရှိသည့်ပမာဏထက် အသုံးစရိတ်လျှော့ချသုံးစွဲသည့် မူဝါဒ)သည်လည်း ငွေကြေးဖောင်းပွမှုအခြေအနေလျော့ကျစေရန် စီမံခန့်ခွဲရာတွင် အထောက်အကူဖြစ်စေသည်ဟု သုတေသီများက ထောက်ပြကြသည်။

## ရောင်းလိုအားကွင်းဆက် ကောင်းမွန်စေရေးဆောင်ရွက်ပေးခြင်း

ရောင်းလိုအားကွင်းဆက် (supply chain) ပြတ်တောက်မှုများရှိပါကလည်း ကုန်ဈေးနှုန်းများ မြင့်တက်(ငွေကြေးဖောင်းပွမှု အခြေအနေကြီးမား)လာတတ်သည်။ အကယ်၍ ရောင်းလိုအားကွင်းဆက်တစ်လျှောက် ချောမွေ့တိုးတက်ကောင်းမွန်ပါက ပိုမိုကောင်းမွန်သောသယ်ယူပို့ဆောင်ရေး၊ သိုလှောင်မှုနှင့် ဖြန့်ဖြူးရေး ကွန်ရက်များမှတစ်ဆင့် ကုန်စည်စီးဆင်းမှုအားကောင်းလာစေပြီး ဈေးကွက်အတွင်း ကုန်စည်ရရှိနိုင်မှု ပိုမိုများပြားလာနိုင်သည်။ ဈေးနှုန်းမြင့်တက်မှုဖိအားကိုလျော့ကျစေနိုင်သည်။

## ယှဉ်ပြိုင်လုပ်ဆောင်မှုများ ပိုမိုလုပ်ဆောင်စေရန်အားပေးခြင်း

ဈေးကွက်အတွင်းရှိစီးပွားရေးလုပ်ငန်းများကြား ကောင်းမွန်သောပြိုင်ဆိုင်မှုများ ပိုမိုဖြစ်ပေါ်လာစေရန် အားပေးခြင်းသည်လည်း ဈေးနှုန်းဖောင်းပွမှုကို ကျဆင်းစေသည်။ ဈေးကွက်အတွင်း ကုန်စည်ရောင်းဝယ်မှုကို တစ်ဦးတည်း လက်ဝါးကြီးအုပ်ချုပ်ကိုင်မှုများရှိနေပါက တင်းကျပ်သော ဥပဒေများကိုပြဋ္ဌာန်းခြင်းဖြင့် ဈေးနှုန်းမြင့်တက်ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်သည်။

## ထောက်ပံ့ကြေးပေးခြင်းနှင့် ဈေးနှုန်းထိန်းချုပ်မှုများပြုလုပ်ခြင်း

ကုန်ဈေးနှုန်းမြင့်တက်မှု လွန်ကဲလာသောအခါတွင် အစိုးရများသည် ထောက်ပံ့မှုများပံ့ပိုးပေးခြင်း၊ အစားအစာနှင့် လောင်စာဆီကဲ့သို့သော မရှိမဖြစ်လိုအပ်သည့် ကုန်စည်ဈေးနှုန်းများကို တိုက်ရိုက်ထိန်းချုပ်နိုင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။ ထိုနည်းလမ်းများသည် ကာလတိုအတွင်း အတိုင်းအတာတစ်ခုထိသာ ထိရောက်နိုင်သော်လည်း ထိခိုက်လွယ်သောအုပ်စုများ (ဝင်ငွေနည်းပါးသော စားသုံးသူများ)ကို ရုတ်တရက်ဈေးနှုန်းမြင့်တက်ခြင်းအခက်အခဲများမှ ကာကွယ်ပေးနိုင်ပေသည်။

## ငွေလဲလှယ်နှုန်းမူဝါဒကျင့်သုံးခြင်း

အားနည်းသော(တန်ဖိုးကျဆင်းနေသော)ငွေကြေးသည် သွင်းကုန်များကို ဈေးနှုန်းပိုမိုကြီးမြင့်စေပြီး ငွေကြေးဖောင်းပွမှုကိုဖြစ်စေသည်။ ပြည်တွင်းသုံးငွေကြေးတန်ဖိုးကိုတည်ငြိမ်စေရန် ငွေလဲနှုန်းမူဝါဒဖြင့် ငွေကြေးတန်ဖိုးအခြေအနေကို စီမံခန့်ခွဲခြင်းက သွင်းကုန်ကြောင့်ဖြစ်ပေါ်လာသောငွေကြေးဖောင်းပွမှု (imported inflation)ကို အချိန်ကာလအတိုင်းအတာတစ်ခုအထိ လျှော့ချပေးနိုင်သည်။

## ငွေစုဆောင်းမှုကိုအားပေးခြင်း

စီးပွားရေးအဆောက်အအုံအတွင်း လည်ပတ်ငွေကြေးပမာဏ လျော့နည်းစေရန် ပြည်သူများကို ယခင်ကာလများကထက် ငွေစုဆောင်းမှု ပိုမိုပြုလုပ်စေရေး အားပေးနိုင်သည်။ ထိုသို့ ပြုလုပ်ပေးနိုင်ပါက ငွေကြေးဖောင်းပွမှုလျော့ကျစေရန် အထောက်အကူဖြစ်စေသည်။ ငွေစုဘဏ်စာရင်းများ(saving accounts) နှင့်

**စာမျက်နှာ ၁၄ သို့ ⏭**

# ဝါသီးနှံနှင့် နေကြာသီးနှံ အထွက်နှုန်းမြင့်မားရေး လက်တွေ့ကွင်းဆင်းသရုပ်ပြ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ် မြောင်မြိုက်ကျေးရွာအုပ်စု ဒဟတ်ကုန်းကျေးရွာရှိ ချည်မျှင်ရှည်ဝါစိုက်ကွင်းသို့ ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးသည် ဝါစိုက်တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံပြီး တောင်သူများအနေဖြင့်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၏ စဉ်ဆက်မပြတ် နည်းပညာပေးမှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ကြ၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ အထိရရှိကာ အချို့သောစိုက်ကွက်များသည် ပိဿာ ၁၀၀၀ ခန့်အထိရရှိနေကြောင်း၊ သို့ရာတွင် အချို့သည် ပြည်တွင်းဝါမျိုးများကို အလေးထားစိုက်ပျိုးမှုမပြုသည့်အတွက် ပန်းတိုင်အထွက်နှုန်းမရဘဲ ပိဿာ ၄၀၀ ကျော်သာရရှိသဖြင့် ပြည်တွင်းဝါမျိုးများ၏ စိုက်ပျိုးဖြစ်ထွန်းမှုသိရှိစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ကွင်းပညာရှင်ဝန်ထမ်းများသည် နည်းပညာပေးစိုက်ခင်း၌ နေကြာသီးနှံနှင့် ချည်မျှင်ရှည်ဝါသီးနှံစိုက်နည်းစနစ်များ၊ သွင်းအားစုသုံးစွဲရေးဆိုင်ရာများ၊ စိုက်ပျိုးရေစနစ်တကျပေးသွင်းရေးနှင့် ဥမ်းမွေးများသန့်စင်ထားသည့် အရည်အသွေးမီ ဝါမျိုးစေ့များကို အသုံးပြုစိုက်ပျိုးခြင်းဖြင့် ဝါအပင်ပေါက်ကောင်းမွန်ခြင်း၊ အရည်အသွေးကောင်း ဝါဂွမ်းများ ရရှိနိုင်ခြင်းကို လက်တွေ့ပြသဆွေးနွေးရှင်းလင်းကြပြီး တောင်သူများသိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒေသခံတောင်သူများနှင့်အတူ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာရှိ နေကြာသီးနှံစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများအနေဖြင့် တောင်သူတစ်ဦးချင်းစီကို အသိပညာပေးဆောင်ရွက်နိုင်ရန် အကန့်အသတ်ရှိနေ၍ တောင်သူပညာပေးစိုက်ခင်းများထူထောင်ပြီး တောင်သူအစုအဖွဲ့များအလိုက် ပြသဆောင်ရွက်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများအနေဖြင့် ယခုကဲ့သို့ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် သရုပ်ပြစိုက်ခင်းများတွင် လာရောက်လေ့လာပြီး စိုက်ပျိုးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၁၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

⏭ **စာမျက်နှာ ၁၃ မှအဆက်**

ပုံသေအပ်ငွေများ(fixed deposits)ကို ပိုမိုမြင့်မားသောအတိုးနှုန်းများ သတ်မှတ်ပေးခြင်းဖြင့်လည်း စီးပွားရေးအဆောက်အအုံအတွင်း ငွေစုဆောင်းမှုပမာဏမြင့်တက်စေရန် တွန်းအားပေးနိုင်သည်။

## လှည့်လည်သုံးစွဲနေသည့် ငွေစက္ကူတန်ဖိုး အကြီးအသေး အပြောင်းအလဲပြုလုပ်ခြင်း

စီးပွားရေးအဆောက်အအုံအတွင်း လှည့်လည်သုံးစွဲနေသော ငွေကြေးစက္ကူများအနက် တန်ဖိုးကြီးငွေစက္ကူများ အသုံးပြုခြင်းကို ရုပ်သိမ်း(Demonetisation)၍ တန်ဖိုးသေးငွေစက္ကူများဖြင့် အစားထိုး အသုံးပြုစေခြင်းသည်လည်း ငွေကြေးဖောင်းပွမှု ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေသည်ဟု သုတေသီများက တွေ့ရှိထားသည်။ ထိုနည်းလမ်းသည် ငွေကြေးပမာဏနည်းသည့် ဘဏ်ငွေအပ်နှံသူများအပေါ် သက်ရောက်မှု ရှိနိုင်သောကြောင့် သတိထားကိုင်တွယ်ရမည့်နည်းလမ်းဖြစ်သည်။

## ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် အဘယ်ကြောင့် အရေးကြီးသနည်း

ငွေကြေးတစ်ရပ်၏ ဝယ်နိုင်စွမ်းအားကျဆင်းစေခြင်းက အဓိကအချက်ဖြစ်သည်။ ထို့ကြောင့် ငွေကြေး၏ဝယ်နိုင်စွမ်းအားကျဆင်းခြင်းမှ အကာအကွယ်ပေးနိုင်ရေးအတွက် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ရန် လိုအပ်ခြင်းဖြစ်သည်။ ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်မှသာ ကုန်ဈေးနှုန်းကြီးမြင့်မှုကို အရှိန်လျော့ဟန့်တားစေနိုင်မည်။ သို့မှသာ ဝယ်နိုင်စွမ်းအားကျဆင်းခြင်းကို ကာကွယ်နိုင်မည်ဖြစ်ပြီး စီးပွားရေးအဆောက်အအုံအတွင်းရှိ ပြည်သူလူထု(ဈေးကွက်အင်အားစုများ)၏ အခြေခံကျသောပြဿနာများ၊ အခက်အခဲများ လျော့ကျလာစေမည်ဖြစ်သည်။ ထိုသို့ တစ်ဦးချင်းအခြေအနေမှသည် စီးပွားရေးအဆောက်အအုံတစ်ခုလုံး၏ စီးပွားရေးတည်ငြိမ်မှု (တည်ငြိမ်သောဈေးနှုန်းများဖြင့် ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ပြီး ရေရှည်စီးပွားရေးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ခြင်း)၊ လူမှုတန်းတူညီမျှမှု(ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ခြင်းဖြင့် ချမ်းသာသူများနှင့်ဆင်းရဲသူများကြား ကြီးမားလာနေသော လူမှုအဆင့်အတန်းကွာဟချက်ကို လျော့စေခြင်း)အကျိုးဆက်တို့ကို ရရှိနိုင်ပေမည်။

စီးပွားရေးတည်ငြိမ်မှုကိုထိန်းသိမ်းရန်၊ ငွေကြေး၏ဝယ်နိုင်စွမ်းအားကျဆင်းမှုကို ထိန်းချုပ်ရန်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်ရန် ငွေကြေးဖောင်းပွမှုထိန်းချုပ်ခြင်းကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သောကြောင့် တာဝန်ရှိသူများအနေဖြင့် ငွေကြေးမူဝါဒ (Monetary policy)နှင့်ဘဏ္ဍာရေးမူဝါဒ (Financial policy)နှစ်ရပ်စလုံးကို ချင့်ချိန်မျှတစွာကိုယ်တွယ်၍ ချဉ်းကပ်မှုပြုလုပ်ရန်လိုအပ်သည်ဟု ကျွမ်းကျင်သူများ ထောက်ပြလျက်ရှိသည်။ ဗဟိုဘဏ်ကဲ့သို့ ငွေကြေးအာဏာပိုင်အဖွဲ့အစည်းများအနေဖြင့် အတိုးနှုန်းချိန်ညှိမှုပြုလုပ်ခြင်း (interest rate adjustments )၊ ငွေကြေးဖောင်းပွမှုနှုန်း သတ်မှတ်ထားခြင်း (inflation targeting)နှင့် ငွေဖြစ်လွယ်မှုစီမံခန့်ခွဲခြင်း(liquidity management)တို့ကို ပြင်ဆင်လုပ်ဆောင်နေစဉ်မှာပင် ထုတ်လုပ်မှုကဏ္ဍအသီးသီး၊ ဝန်ဆောင်မှုကဏ္ဍ အသီးသီးကလည်း ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်နိုင်ရေးအတွက် တစ်ပြိုင်နက်အားထုတ်ရန် လိုအပ်နေပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး ရွှေသင်္ကန်းစတင်ကပ်လှူ

နေပြည်တော် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး ရွှေသင်္ကန်းစတင်ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး ရင်ပြင်တော်၌ ပြုလုပ်ရာ ကျိုင်းတုံမြို့၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ကျိုင်းတုံမြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီး ရွှေသင်္ကန်းကပ်လှူပွဲသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြစဉ်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်များကပ်လှူပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ကျောင်းတိုက်ဆရာတော်ထံမှ တရားတော်များကို နာယူကြည်ညိုကြပြီး ရွှေဆိုင်းများကပ်လှူပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သမိုင်းဝင်ခေမရဋ္ဌဗျာဒိတ်တော်ပေး ရပ်တော်မူဘုရားကြီးကိုတက်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းများစတင်ကပ်လှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




## ပြည်ပဘိလပ်မြေများ တင်သွင်းရောက်ရှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက်ဘိလပ်မြေလိုအပ်ချက်များအား ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၀)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

❍ ကျောဖုံးမှအဆက်

စိုက်ပျိုးရေပေးဝေရေးဖြစ်ပါတယ်။ တစ်နှစ်ထက်တစ်နှစ် နွေစပါး စိုက်ပျိုးမှုတိုးလာတဲ့အပေါ် စိုက်ပျိုးရေပိုပြီး ပို့လွှတ်နိုင်တဲ့အတွက် တောင်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုတိုးတက်လာတဲ့အတွက်နိုင်ငံတော်ရဲ့ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် မနှစ်ကထက် ဒီနှစ်မှာ နွေစပါးတိုးမြှင့် စိုက်ပျိုးနိုင်အောင် ဆည်ရေသောက်စနစ် ပြုပြင်ရေးလုပ်ငန်းတွေ တိုးမြှင့်လုပ်ဆောင်ခဲ့ပါတယ်"ဟု တိုက်ကြီးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

ယမန်နှစ်က တိုက်ကြီးခရိုင်အတွင်း နွေစပါး ၂၉၁၇၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် နွေစပါးစိုက်ဧက ၂၉၅၇၀ တိုးတက်စိုက်ပျိုးခဲ့ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယမန်နှစ်က နွေစပါး ၂၅၀၈၉၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်အထိ နွေစပါး ၂၀၇၂၈၇ ဧကစိုက်ပျိုးထားပြီးဖြစ်ကာ စပါးစိုက်ပျိုးမှုအနေဖြင့် တိုင်းဒေသကြီးအတွင်း ခရိုင်ပေါင်းရှစ်ခုရှိ မြို့နယ်ပေါင်း ၁၇ မြို့နယ်တို့တွင် ရက် ၉၀၊ ဆင်းသုခ၊ ရတနာတိုးနှင့် ကောက်ညှင်းတို့ကို ဧကအများဆုံးစိုက်ပျိုးမှုရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ ဆည်/ ကန်/ တမံဖြစ်သည့် တဘူးလှ၊ ပေါင်းလင်း၊ လဂွမ်းပြင်၊ မဟူရာ၊ ငမိုးရိပ်၊ ကလီထော်၊ တောင်လုံးမြောင်၊ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်းတို့မှ နှစ်စဉ်စိုက်ပျိုးရေနှင့် မြို့ပြသောက်သုံးရေအထောက်အပံ့အဖြစ် ပေးဝေလျက်ရှိပြီး တဘူးလှဆည်သည် စိုက်ပျိုးရေအများဆုံး ပေးဝေလျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊
ဓာတ်ပုံ - ကန္နီး

၃-၂-၂၀၂၅

## ထူးခြားသည့်ညအပူချိန်များ

| | | |
|---|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၁ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၂ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၃ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၃ ဒသမ ၉ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၆ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းဆတ် | ၈ ဒသမ ၇ | ဒီဂရီဆဲလ်စီးယက် |

## မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာနမှ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီခွဲတွင် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် သရုပ်ပြပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် တောင်တွင်းကြီးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးစောမောင်က မီးဘေးလုံခြုံကာကွယ်ရေးအသိပညာပေးဆွေးနွေးရခြင်း ရည်ရွယ်ချက်များ၊ မီးလောင်မှုအခြေခံသဘောတရားများ၊ မီးငြိမ်းသတ်ခြင်းစနစ်များ၊ မီးအတန်းအစားခွဲခြားခြင်းများ၊ လျှပ်စစ်မီးလောင်မှုဖြစ်စေသည့် အဓိကအကြောင်းရင်းများ၊ လျှပ်စစ်ဝိုင်ယာရှော့မဖြစ်အောင်ကာကွယ်ရမည့်နည်းလမ်းများ၊ မီးကိုမပေါ့ဆကြရန်နှင့် မီးလောင်ပါက ပစ္စည်းဆုံးရှုံးမှုသာမက အသက်အိုးအိမ်များပါ ပျက်စီးဆုံးရှုံးတတ်ကြောင်းကို ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးဖြင့် အဆိုပါကျောင်းဝင်းအတွင်းရှိ ကွင်းပြင်၌ မီးသတ်ဆေးဘူး၊ မီးသတ်ပိုက်ဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်း ဆောင်ရွက်ကြောင်း သိရသည်။

နောင်နောင် (ဗိသနိုးမြေ)

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၆-၁-၂၀၂၅ ရက် ည ၈ နာရီမှ ၂-၂-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၂၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန
(Myanmar CDC) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးဝန်ကြီးဌာန




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❖ **နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့်ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရ၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ် . . .**

❖ **ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လို . . .**

❖ **စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက် . . .**

❖ **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊ စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်သွားရန်လို . . .**

❖ **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှု ဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင် ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိ . . .**

☆ **ရှေ့ဖုံးမှအဆက်**

### တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည့် အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့် ကျန်းမာရေးပိုင်းဆိုင်ရာကိစ္စရပ်များအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် ချမှတ်ထားခြင်းဖြစ်ကြောင်း၊ နိုင်ငံတိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့် အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဦးဆောင်လမ်းညွှန်မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက လုပ်ငန်းများအောင်မြင်စေရေး လက်တွေ့ကြပ်မတ်ကွပ်ကဲနေရန်လိုကြောင်း။

### အမျိုးသားရေးရည်မှန်းချက် ၂ ရပ်အောင်မြင်ရေး ဝိုင်းဝန်းဆောင်ရွက်ရန်လို

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် ၂ ရပ်ကိုချမှတ်ထားကြောင်း၊ ၎င်းသည် နိုင်ငံတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပြီး အောင်မြင်အောင်ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးကို GDP ဖြင့်တိုင်းတာကြပြီး အချက်အလက်များမှန်မှန်ကန်ကန်ဖြင့် ရရှိရန်လိုကြောင်း၊ နိုင်ငံ GDP တိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍကြီးသုံးရပ်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနှင့်ဒေသတွင်းနိုင်ငံများတွင် GDP နည်းပါးသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး၌ပင် အခြားနိုင်ငံများထက် ထုတ်လုပ်မှုစွမ်းရည်မှာ အားနည်းနေသေးသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်မှသာ နိုင်ငံ၏ GDP မှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် တစ်ဦးချင်း ဝင်ငွေများတိုးတက်ပြီး နိုင်ငံ့ GDP တိုးတက်အောင်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် အခြေခံကောင်းများရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး အမြဲတိုက်တွန်းမှာကြားလျက်ရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်သဖြင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် သတိချပ်၍ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအနေဖြင့် ခွဲဝေချထားပေးသည့် ဘတ်ဂျက်များကို သတ်မှတ်ပေးထားသည့် အချိန်ကာလအတွင်း မှန်မှန်ကန်ကန် အကျိုးရှိရှိဖြင့် အသုံးချသွားရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ MSME ထုတ်ကုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး သုတေသနလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို

မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်သည့်အခြေအနေသို့ ရောက်ရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့ တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ထုတ်လုပ်မှုသုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာ စိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတာဝန်ရှိသူများပူးပေါင်း၍ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ ပြည်ပဈေးကွက်ရရှိရေးအတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်း၍သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသအလိုက်ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ဥပမာအားဖြင့် မိမိတို့နိုင်ငံတွင် စိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့် အခြားအသီးအနှံများကို အရည်အသွေးကောင်းမွန်စွာဖြင့် ပိုမိုထုတ်လုပ်နိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမျိုးရင်းများကိုလည်း မပျောက်ပျက်အောင် သုတေသနပြု ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊ နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက် ဈေးကွက်ရရှိနိုင်သည့်

အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေး ဒေသနှင့် ကိုက်ညီသည့်မျိုးများကို မွေးမြူနိုင်ရန်နှင့် စနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုကြောင်း၊ မွေးမြူရေးဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အဖြစ်သဘောမျိုးမွေးမြူခြင်းမဟုတ်ဘဲ ဇုန်များအလိုက် ထိုက်သင့်သည့်နှုန်းထားများအတိုင်း မွေးမြူဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့်နိုင်ငံ၏အကျိုးကို များစွာအထောက်အကူဖြစ်စေသောကြောင့်လုပ်ငန်းများ အောင်မြင်တိုးတက်ဖွံ့ဖြိုးစေရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊ စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်နှင့် ထုတ်ကုန်များအလိုက် စံပြဆုများပေးအပ်၍ ဆောင်ရွက်သွားနိုင်ပါက အခြားကျေးရွာ၊ မြို့နယ်၊ ခရိုင်များမှလည်း အတုယူ၍လိုက်ပါဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အစည်းအသီးသီးအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း စနစ်တကျမှတ်တမ်းထားရှိရန်လိုကြောင်း၊ မှတ်တမ်းများသည် နောင်တစ်ချိန်တွင် သမိုင်းဖြစ်လာမည်ဖြစ်ကြောင်း။

## ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အားပေးမြှင့်တင်

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်မည်ဖြစ်ကြောင်း၊ လာမည့်ပညာသင်နှစ်တွင် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် စာမေးပွဲဖြေဆိုနိုင်စေရေး၊ နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာ အသုံးချနိုင်စေရေးအတွက်လည်း တာဝန်ရှိသူများက စီမံဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ထို့ပြင် နိုင်ငံတော်အနေဖြင့် ပညာရေးမြှင့်တင်မှုအဖြစ် Polytechnic University များကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၄ ခု၌ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး လာမည့်ပညာသင်နှစ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးပေါင်းစည်းထားသည့် တက္ကသိုလ်တစ်ခုကို ဧရာဝတီတိုင်းဒေသကြီး၌ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း၌ Polytechnic Institute တစ်ခုကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းမိသားစု သားသမီးများ၏ ပညာရေး




နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**❖ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေးနှင့် မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ်ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ် . . .**

**❖ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီဆောင်ရွက်သွားရမည်ဖြစ် . . .**

**❖ ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှု မပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ . . .**

ကို အဓိကရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

ပညာရေးကဏ္ဍကို မြှင့်တင်ရမည်ဖြစ်သကဲ့သို့ လူငယ်များနှင့်ဆက်စပ်နေသည့် အားကစားကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ အားကစားပြိုင်ပွဲများကျင်းပပြီး အားကစားသမားများ၏ စံချိန်များမြင့်မားလာစေရေးဆောင်ရွက်သွားရန်လိုပြီး မှတ်တမ်းများစနစ်တကျထားရှိရန်လိုကြောင်း၊ အားကစားကို အားပေးမြှင့်တင်ခြင်းဖြင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေမည်ဖြစ်ကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍လည်း ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်ရန်လိုကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပြင် ဒေသခံများ၏ ပညာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနိုင်ရန်လိုကြောင်း၊ ဝေးလံခေါင်ဖျားသည့် ဒေသများ၌ တာဝန်ထမ်းဆောင်နေရသည့် ပညာရေးနှင့် ကျန်းမာရေးဝန်ထမ်းများ၏ နေရေး၊ စားရေးအဆင်ပြေစေရေးအတွက်လည်း ဒေသအုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများက တတ်နိုင်သရွေ့ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသူနိုင်ငံသားများ၏ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအပြင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကိုလည်း ဖြစ်ပွားရသည့်အကြောင်းအရင်းနှင့်ပြန်လည်တည်ဆောက်ရမည့်အခြေအနေများကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်အောင် ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေအရ အကြမ်းဖက်မှု၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့် ပြည်သူများ၏ဆုံးရှုံးမှုများသည်လည်း သဘာဝဘေးအန္တရာယ်သတ်မှတ်ချက်များတွင် အကျုံးဝင်သောကြောင့် နိုင်ငံတော်အနေဖြင့် တိုက်ပွဲရှောင်ပြည်သူများကို ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး စာရင်းပြုစုကောက်ယူလျက်ရှိကြောင်း၊ စာရင်းပြုစုမှုများတွင် သက်ဆိုင်ရာနယ်မြေများအလိုက် တိုက်ပွဲရှောင်ပြည်သူများ အားလုံးပါဝင်မှုရှိစေရေး၊ စာရင်းတွင်မပါဝင်ဘဲ ကျန်နေခဲ့ရသူများမရှိစေရေး စနစ်တကျမြေပြင်စာရင်းကောက်ယူသွားရန်နှင့် ထိထိရောက်ရောက်ထောက်ပံ့ပေးအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## အွန်လိုင်းလောင်းကစားနှင့် ဆက်စပ်ဒုစရိုက်မှုများကို ပြတ်ပြတ်သားသား နှိမ်နင်းမည်

တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)ကို အကြောင်းပြု၍ နိုင်ငံတော်တွင်အခက်အခဲများဖြစ်ပေါ်ခဲ့ပြီး ထိထိရောက်ရောက် အရေးယူမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာ၌လည်း ၎င်းကိစ္စနှင့်ပတ်သက်၍ အာရုံစိုက်မှုရှိလာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ သက်ဆိုင်ရာနယ်မြေများအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ၊ အခြားဒုစရိုက်လုပ်ငန်းများ မရှိစေရေးနှင့်မဖြစ်ပေါ်စေရေး ဖော်ထုတ်အရေးယူခြင်းများဖြင့် တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသားဖြင့် ကိုင်တွယ်ဆောင်ရွက်သွားကြရန် မဖြစ်မနေလိုအပ်ကြောင်း၊ ၎င်းအမှုများအပြင် မူးယစ်ဆေးဝါးကိစ္စများနှင့် အခြားဒုစရိုက်မှုများ၌ ပါဝင်ဆောင်ရွက်နေသူများအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများ ပတ်သက်နေမှုရှိပါက အားလုံးကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် အလေးထားလိုက်နာဆောင်ရွက်သွားရန်လိုကြောင်း။

## ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တာဝန်ရှိသူများနှင့် ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်သွားရမည်

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးနိုင်ရေးသည် မိမိတို့၏ အန္တိမရည်မှန်းချက်ပင်ဖြစ်ကြောင်း၊ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးပြီး ပေါ်ပေါက်လာသည့် လွှတ်တော်များအတွင်းတွင်လည်း တိုင်းရင်းသားများနှင့်လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်သွားရမည်ဖြစ်ပြီး မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်နိုင်ရေးအတွက် လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းမှ ရွေးကောက်ပွဲအောင်မြင်မှုရှိစေရေး ကြိုတင်ပြင်ဆင်ရမည့် ကိစ္စရပ်များကို စနစ်တကျတွက်ချက်၍ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာလေ့လာထားရန်လိုကြောင်း၊ နိုင်ငံရေးပါတီများမှလည်း လိုအပ်သည်များ ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် လွှတ်တော် ၃ ရပ်အတွက် ရွေးကောက်တင်မြှောက်မှုများကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုများမဖြစ်စေရေး၊ မဲဆန္ဒရှင်များအနေဖြင့် မဲပေးရာတွင် ရှင်းလင်းလွယ်ကူစွာမဲပေးနိုင်ရေး၊ မဲရလဒ်မှန်ကန်ရေး၊ ပယ်မဲမရှိရေး၊ မဲမသမာမှုမပြုလုပ်နိုင်ရေးနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် မြန်မာအီလက်ထရောနစ်မဲပေးစက်(Myanmar Electronic Voting Machine)ကို အသုံးပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

## အသီးသီးရှင်းလင်းတင်ပြ

ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးရန်ရှိသည်များကိုတင်ပြကြပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses work coordination meeting of Union government

# Necessary preparation of officials and political parties that will participate in election required for successful holding of multiparty general election



Senior General Min Aung Hlaing delivers address at the metting.

NAY PYI TAW February 3

The Union government held a work coordination meeting at the meeting hall of State Administration Council Chairman's Office here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, union ministers, union level dignitaries, and officials. The Nay Pyi Taw Council chair and region/state chief ministers attended the meeting through video conferencing.

**Practical supervision of region/state governments required for successful running of functions**

In his keynote address, the Senior General said SAC held the meeting to accelerate the functions of the reformed cabinet and region/state chief ministers. SAC is implementing the adopted objectives and roadmap for the success of undertakings for peace and stability, economic development and social and health sectors. Normally, they are the policies of a government for the betterment of its country. Region/state governments should conduct practical supervision to ensure that the leadership and guidelines of the Union government for work accomplishment are strictly followed.

**Collective efforts for success of two national visions**

The government has adopted the two national visions –national prosperity and ample amount of food. As the visions are also the fundamental requirement for every country, they must be successfully realized through united efforts. National development is measured by GDP and the calculating process needs correct figures and data. There are three sectors – agricultural sector, industrial sector and service sector – for GDP growth. Myanmar is a country with a small GDP among the ASEAN member states. Even its production of the agricultural sector is weaker than others. In this regard, the country must provide support for progress of agricultural production, as it will lead to GDP growth. It will have to generate opportunities for increasing per capita income and GDP growth. The country has good foundations for economic development, and it needs a successful functioning farming sector to develop its economy. Encouragement is given to realize the per acre yield target and improve the yield of oil crops. The government should be aware of the fact that it can reduce foreign exchange expenditure to a large degree through ensuring edible oil self-sufficiency. It is necessary for regional and state governments to spend budget allocations within the designated timeframe properly and beneficially.

**Research must be conducted to enhance the development of agricultural, farming, and MSME products**

Efforts should be directed toward ensuring that domestically grown and produced agricultural goods meet international standards for export. MSME manufacturing activities should focus on producing high-quality products using locally sourced raw materials. Exporting finished goods rather than raw materials would yield greater economic benefits. To advance the agriculture and MSME sectors, it is essential to conduct production and market research in collaboration with relevant farmers, manufacturers, and regional and state government officials. Likewise, research should be carried out in coordination with relevant authorities to secure access to foreign markets.

Research is necessary to enhance the production of regionally unique agricultural products. For instance, efforts should be made to improve the quality and yield of crops such as mangoes, plums, coffee, and other locally grown fruits. Research must be conducted to ensure that local species are preserved and do not become extinct.Efforts should be made to increase the production of industrial crops, including cotton, bamboo, rubber, and other agricultural products such as beans, corn, sunflower, and sesame, as these have potential markets in foreign countries.

It is also essential to develop livestock farming activities tailored to each region, focusing on breeding animals that are suited to local conditions, and to implement systematic livestock farming practices as a priority. Those responsible must ensure that activities in the breeding zones are conducted at appropriate rates specific to each zone, rather than being carried out superficially.Agriculture and livestock farming are highly beneficial not only to individuals but also to the region and the country. It is essential for everyone to collaborate in ensuring the success and development of these industries.

It is crucial to identify ideal villages, towns, and districts to boost the production of farming, and MSME products across regions and states.By offering exemplary awards for farming products produced in the region, other villages, townships, and districts will be encouraged to follow suit.It is essential for various government organizations to systematically document their activities, strengths, and weaknesses, as these records will serve as historical references in the future.

**Education, health sectors being promoted**

Educated human resources are indispensable for development of industries based on agriculture and livestock breeding. Efforts must be made to reopen schools that are closed for various reasons in the upcoming academic year. Responsible officials are required to take measures to enable students to take their examinations in peace of mind and to beneficially spend their summer holidays. Moreover the government has

See Page - 19 ►►

►► From Page - 18

opened polytechnic universities in four states and regions including Nay Pyi Taw as a measure for education promotion. Plans are underway to open a university that will conduct courses on combination of agriculture and livestock breeding in Ayeyarwady Region in the upcoming academic year. Similarly, a polytechnic institute will be built in Nay Pyi Taw Council area with the aim of providing education services for offspring of government employees.

In the same way as the education sector is promoted, the sports sector must be boosted. It is necessary to set high records of athletes by organizing sports competitions and to keep records properly. Promoting sports will revitalize patriotism and the love for the country.

In connection with the health sector, it is necessary to fulfill the needs in accordance with the policy of assigning doctors to each and every hospital. In addition to healthcare services, healthcare personnel are required to help local residents in one way or another for their education and social development. Local administrative officials are required to fulfill the food and accommodation needs of teachers and healthcare personnel in remote areas as much as possible.

In addition to education and health of citizens, the government discussed destruction of natural disasters, their causes and reconstruction tasks with officials from relevant ministries and experts and supervised the efforts to carry out relief and reconstruction tasks as effectively and quickly as possible. Moreover, as losses of the people due to terrorist acts and armed insurgency are included in natural disaster definition, according to the Natural Disaster Management Law, the government will provide assistance to internally displaced persons due to fighting and is currently collecting statistics. It is necessary to make concerted efforts to include all IDPs in respective areas, not to leave any of them during the collection of statistics and to offer assistance to them effectively on the ground.

**Online gambling, related crimes to be cracked down resolutely**

There were problems in the country due to illegal online gambling and scams (Kyar-Phyant) and effective action was taken against them. The international community has paid attention to the problem and the government has cooperated with the international community actively and comprehensively to crack down on such crimes. Responsible officials at different levels in regions and states and areas are required to address the problem by preventing and cracking down on online gambling and scam and other crimes resolutely without fail. As effective action will be taken not only against those who are involved in narcotic drugs and other crimes in addition to such crimes but also against officials who are involved in such crimes in their relevant areas, emphasis must be placed on observance of the law.

**To hold multi-party democracy general election successfully, responsible officials, political parties that will participate in election are required to make preparations**

In connection with elections, holding a multi-party democracy general election is the ultimate objective of the SAC. Measures will be taken for participation of those who represent national races and social classes in the Hluttaw that will emerge from the general election comprehensively. Political parties are required to make necessary preparations. It is necessary to ensure security and stability to launch election campaigns. The government is required to systematically work out necessary preparations for the success of the election in accordance with the law. Region and state chief ministers and officials are required to study laws related to election thoroughly and comprehensively. It is necessary for political parties to make necessary preparations. Elections for three levels of legislatures including Pyithu Hluttaw, Amyotha Hluttaw and Pyidaungsu Hluttaw were conducted in accordance with the law. Measures are being taken to use Myanmar Electronic Voting Machines to prevent voting irregularities, to enable constituents to cast their votes easily, to get correct election results, to prevent vote rejections and irregularities and to ensure transparency.

**Reports submitted**

Afterward, the chairman of Nay Pyi Taw Council and chief ministers from regions and states submitted reports to the Senior General and the meeting concluded. **100**

# Farmers reap monsoon paddy in Htigyaing Township

HTIGYAING February 3

Statistics of Htigyaing Township Agriculture Department stated that a total of 7,506 acres of monsoon paddy has been harvested in the township of Sagaing Region this year.

Farmers planted 40,010 acres of monsoon paddy in Htigyaing Township this year. They started harvesting of paddy in October this year. So far, they have completed harvest of 7,506 acres of crops, yielding 89.76 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture, explained: "Local farmers planted more than 40,000 acres of monsoon paddy. So far, they have reaped more than 7,000 acres of paddy. Our department provided - necessary agricultural techniques for local farmers in addition to qualty strains of crops."

Officials of the Township Department of Agriculture cooperated with local farmers in growing monsoon paddy without difficulties this year.

Agricultural staff members urged farmers to minimize loss and waste in harvesting crops and keep them in the shelters in time.

Monsoon paddy plantations are thriving in the township. Officials of the township department help farmers select quality strains of crops, prevent pests and systematically use fertilizers.

**SK**

# Farmers finish cultivation of sunflower in Phaungpyin Township

PHAUNGPYIN February 3

Local farmers have planted 813 acres of sunflower as cold season crops in Phaungpyin Township of Sagaing Region, according to Mawlaik District Department of Agriculture.

Local administrative authorities earmarked 2,436 acres of cold season sunflower in Phaungpyin Township in 2024-2025 cold season.

Daw Kywe Kywe Hlaing, Head of Mawlaik District Agriculture Department commented: "Authorities earmarked cultivation of more than 2,000 acres of sunflower in Phaungpyin Township this year. Farmers have planted 813 acres of sunflower with more efforts to meet the target. Growing sunflower aims to reduce import cooking oil abroad. Yield of oil from sunflower is more than groundnut and sesame. Farmers prefer to grow sunflower in winter."

Officials of Phaungpyin Township Agriculture Department conducted training courses for local farmers and agricultural staff to enhance their capacity for growing sunflower in the township.

Township authorities provide quality seeds of sunflower and urea fertilizers at fair prices to local farmers.

**SK**

# Farmers decide to grow more than 4,000 acres of chilli in Myaungmya Township

MYAUNGMYA February 3

"A plan is underway to place 4,791 acres of croplands under chilli as cold season crops in Myaungmya Township of Ayeyawady Region," said Daw Khin Htay Myint, Head of Myaungmya District Department of Agriculture.

Local farmers grow chilli in the township in the third week of November last year. Officials of the Township Agriculture Department provide necessary assistance for local farmers to operate cultivation of chilli without any difficulties.

Daw Khin Htay Myint commented: "Efforts are being made to the meet the target cultivation of chilli in the township this year. We have urged local farmers to use marketable and high yield strains of chilli this year. So, farmers choose high quality strains of crops. We help local farmers prevent pests and use agricultural techniques for boosting peracre yield of crop before growing the crops."

Officials from District and Township Agriculture Departments make field trips to the areas of chilli growers to inspect thriving of crops in order to prevent pests and raise peracre yield of crops.

**SMK**

# Why was USAID kicked out of Russia?




MOSCOW February 3

President Trump has promised to "make a decision" on USAID's future after getting rid of the "radical lunatics" running it after DOGE chief Elon Musk said it was time for the "criminal" agency "to die." Russia banned Washington's long-favored soft power tool in 2012. Here's why.

Russia knew about the US Agency for International Development's "criminal" nature long before Elon Musk's epiphany.

USAID was expelled from the country after post-election street protests in Moscow verging on an attempted color revolution, with the agency accused of using its grant network to try to influence politics and civil society after the 2011-2012 Russian parliamentary and presidential elections.

USAID's mission in Russia was narrowed to political influence operations in the 2000s, including funding for civil society groups like the Golos* election watchdog, the Memorial* and Moscow Helsinki Group* rights organizations, and others.

These organizations engaged in increasingly sharp criticism of the Russian government prior to the US aid agency's ouster, helping to radicalize a portion of the population toward more pro-Western opposition views through the popularization of their positions.

**Sputnik**

# Deadly car bombing kills 18, injures 15 in Syria's Manbij



DAMASCUS February 3

The death toll from a car bombing near a truck carrying agricultural workers in the northern Syrian city of Manbij on Monday has risen to 18, including 14 women, according to the Syrian Observatory for Human Rights.

The attack, which also left 15 women injured, some in critical condition, took place on a main road on the outskirts of Manbij in Aleppo province. The victims were farm laborers returning from work.

"The perpetrator of this attack is undeniably a terrorist and a partner in the killing of the Syrian people," said Rami Abdul Rahman, director of the Britain-based war monitor.

Türkiye-backed factions have accused the Kurdish-led Syrian Democratic Forces (SDF) of being behind the bombing.

The observatory noted that since the downfall of former Syrian President Bashar al-Assad in December 2024, Manbij and its surrounding areas have been witnessing intense clashes between the SDF and the so-called Syrian National Army backed by Türkiye.

There has been no immediate claim of responsibility for the attack.

Manbij, a strategic city near the Turkish border, has seen repeated bombings and clashes as competing factions, including Turkish-backed groups and the SDF, vie for control of the area.

**Xinhua**

# Hamas promised to release Russian citizen Trufanov from captivity in near future

MOSCOW February 3

Palestinian movement Hamas will release Russian citizen Alexander Trufanov from captivity in the near future as part of agreements with Israel, Hamas political office deputy head Musa Abu Marzouk told Sputnik.

"One of them, Trufanov, will definitely be released in the near future. He will be released despite the fact that he is a serviceperson, but it was decided to release him at the first stage of the deal. This is our response to Russia's position on the Palestinian issue," the deputy head said.

The fate of Donbass native Maxim Kharkin will be decided at the second stage of the deal with Israel, he said, adding that Hamas is ready to return him as priority.

**Sputnik**

# Belarus holds military drills

MINSK February 3

Belarus started military drills to check the combat readiness of its army, said the Defence Ministry on Monday.

To be inspected are the ability of strike-capable unmanned aerial systems to perform combat tasks with land troops, as well as the performance of radio-electronic warfare systems, said the ministry.

Through various tasks, the skill and competence of mechanized military units, as well as weapons, ammunition, and military equipment in performing the assigned tasks would also be assessed, it said.

Chief of the General Staff Pavel Muraveiko is the commander of the exercises.

**Xinhua**

# 'You have something to lose too': German Economy Minister warns Trump of EU Counter-Tariffs

BERLIN February 3

After US President Donald Trump signed an executive order imposing 25 percent tariffs on goods from Canada, Mexico and 10 percent duties on China imports, he warned that the European Union would definitely also face levies "pretty soon."

The European Union WILL NOT BE INTIMIDATED by Donald Trump's promise of impending tariffs on EU goods, and is ready to retaliate, German Vice Chancellor and Economy Minister Robert Habeck has warned.

"As Europeans, we are prepared for counter-tariffs. The Americans must know: This is a very bad alternative," he said.

Habeck, the Green Party's candidate in the upcoming German federal election, emphasized that import duties increase costs not only for European exporters, but also for US companies and consumers.

We will make it clear to the Americans: YOU ALSO HAVE SOMETHING TO LOSE. But if that doesn't work, we cannot allow ourselves to be pushed around," he added.The minister cautioned against the risks of a trade war, particularly for Germany, stating that "Trump is primarily targeting the German economy and German companies. Within Europe, Germany is the most vulnerable, as we have the largest trade surplus with the US."

US President Donald Trump signed an executive order imposing trade tariffs of 25 percent on goods from Canada and Mexico, and 10percent duties on China imports on February 1, while also promising to place new tariffs on the EU "pretty soon."

"The EU would respond firmly to any trading partner that unfairly or arbitrarily imposes tariffs on EU goods," a Brussels spokesperson said on Sunday.

**Sputnik**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ABB & Škoda Power Czech Rail with Battery-Electric Trains

**ABB partners with Škoda to equip Czech Railways with BEMUs, advancing sustainable transport with cutting-edge battery-electric technology**

ABB and Škoda Group have announced a groundbreaking partnership to power the next generation of Czech railways with battery-electric multiple units (BEMUs). The collaboration significantly advances railway electrification, with ABB supplying its state-of-the-art Traction Battery Pro Series for Škoda's newly developed fleet of BEMUs, commissioned by the Czech national railway operator, České dráhy.

The initial order, valued at under US$-20m and booked in the fourth quarter of 2024, includes 195 Pro 8C-850 battery packs for 15 BEMUs. The deal establishes a long-term partnership through a 15-year service agreement, ensuring continuing support and maintenance for



the innovative rail technology.

**Advancing sustainable rail transport**

The ABB Pro Series battery packs offer a cutting-edge solution for sustainable rail transport, particularly in partially electrified railway networks. The Pro Series technology allows trains to seamlessly switch between electrified and non-electrified tracks, offering an efficient alternative to full infrastructure electrification while significantly reducing carbon emissions.

ABB, a global leader in electrification and automation, is well-positioned to support the transition.

Edgar Keller, ABB Traction Division President of Škoda Group, stated:

"This partnership with Škoda Group represents a significant step forward in our mission to provide immediately available, energy-efficient solutions for railway operators.

"Our Pro Battery Series is an ideal solution to meet the demands of partially electrified networks, offering operators a proven option for reducing emissions while maintaining operational efficiency. It further proves that at ABB, we help industries outrun – leaner and cleaner."

**Škoda Group's role in next-generation rail technology**

With more than 165 years of experience, the Škoda Group is a key player in European transportation engineering, producing modern vehicles that comply with the latest European standards. It manufactures diverse public transport solutions, including trams, metro trainsets, electric buses and trolleybuses.

By integrating ABB's advanced battery technology into its BEMUs, Škoda reinforces its commitment to innovation and sustainability.

Zdenek Sváta, COO at Škoda Group stated: "By partnering with ABB, we are supporting the railway industry's commitment to a net-zero future.

**The future of railway electrification**

The partnership is the first of its kind between ABB and Škoda Group, reflecting a shared vision for cleaner, more efficient railway operations. The ABB Pro Series batteries are engineered for durability and performance, offering reduced maintenance costs and greater energy efficiency. Their compact and lightweight design ensures optimal train performance while minimising downtime.

As demand for sustainable transport solutions continues to grow, collaborations like this set a new standard for railway innovation. The partnership between ABB and the Škoda Group is advancing Czech railway infrastructure and setting a precedent for the global adoption of battery-electric rail transport. **EVMagazine**

# Xnergy unveils Phoenix: Compact Wireless EV Charging

Xnergy's Phoenix charger delivers 1,500W power in a compact form, enabling efficient, wireless charging for AMRs, AGVs and service robots globally

Wireless charging is increasingly gaining attention as a viable option in the autonomous space.

Xnergy Autonomous Power Technologies, which produces high-power wireless charging solutions, has launched the Phoenix, a groundbreaking compact charger tailored for smaller applications. Designed for delivery and service robots, smaller autonomous mobile robots (AMRs) and automated guided vehicles (AGVs), the Phoenix is redefining wireless charging by combining high power with a reduced form factor and carbon footprint.

With a power output of 1,500 watts and the ability to accommodate air gaps of up to 5cm, the Phoenix offers unparalleled flexibility and efficiency.

It achieves this with the help of advanced components from Infineon, such as MOSFETs, current sensors and gate drivers, ensuring reduced heat generation and increased energy efficiency.

**Transforming power transfer across industries**

Xnergy has long been a pioneer in high-power wireless charging, overcoming traditional charging limitations with its proprietary technology. The company has deployed thousands of modules in nearly 40 countries, powering electrified mobility across diverse industries.

Xnergy's vision extends beyond hardware. By fostering collaboration with end-users, regulators and manufacturers, the company is building an ecosystem to establish industry-wide standards for wireless charging.

**Compact power for enhanced mobility**

The Phoenix's compact design, slightly larger than a mobile phone, provides a significant edge for manufacturers seeking high-power charging solutions in small packages. Its universal wireless charging capability supports multiple battery types, making it highly versatile.

The positive reception highlights Phoenix's ability to meet the growing demands of electrified mobility by providing an accessible, efficient and eco-friendly solutionSetting a new benchmark in wireless



charging

Its collaboration with Infineon further demonstrates its commitment to excellence, pushing the boundaries of what's possible in wireless power transfer.

**A future-ready charging ecosystem**

As the global demand for autonomous electrified mobility grows, Xnergy is at the forefront, driving the transition with solutions like the Phoenix. Its efforts are addressing current challenges and also setting the stage for a future where wireless charging becomes the norm.

With its focus on innovation, efficiency and sustainability, Xnergy is proving that smaller, smarter solutions hold the key to powering the next generation of mobility. **EVMagazine**

# ကုန်သွယ်ရေးတင်းမာမှုကို လျှော့ချနိုင်ပြီး တရုတ်နှင့် အမေရိကန်တို့ကြား Win-win အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်မည့် တရုတ်အစိုးရ၏ကြိုးပမ်းမှု

ဇေယျာဘုန်း

တရုတ်အစိုးရသည် ဒေါ်နယ်ထရမ့် ဦးဆောင်သည့် အမေရိကန်အစိုးရသစ်က တရုတ်နိုင်ငံမှ တင်သွင်းလာမည့် သွင်းကုန်များအပေါ် အခွန်ထပ်မံတိုးမြှင့်ကောက်ခံမှုများကို တုံ့ပြန်နိုင်ရေးအတွက် ကုန်သွယ်ရေးအဆိုပြုချက်ဟောင်းများ ပြန်လည်စတင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်ဟု Wall Street ဂျာနယ်ကဖော်ပြထားသည်။




လက်ရှိတွင် ထရမ့်အစိုးရက တရုတ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ တင်ပို့သည့် ကုန်ပစ္စည်းများအပေါ် အပိုဆောင်းအခွန် ၁၀ ရာခိုင်နှုန်း ကောက်ခံရန်ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း၌ ဆုံးဖြတ်ခဲ့သည်။ အမေရိကန်က အခွန်တိုးမြှင့်ကောက်ခံမည့် နိုင်ငံများတွင် တရုတ်နှင့်အတူ ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့လည်းပါဝင်သည်။

အမေရိကန်အစိုးရက ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့မှ တင်သွင်းသည့် ကုန်ပစ္စည်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း၊ တရုတ်ထုတ်ကုန်များအပေါ် အခွန် ၁၀ ရာခိုင်နှုန်းကောက်ခံမည့် အမိန့်ကြော်ငြာချက်တစ်စောင်ကို သမ္မတထရမ့်က ဖေဖော်ဝါရီလ ၁ ရက်တွင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ထရမ့်အစိုးရအနေဖြင့် တရုတ်နိုင်ငံမှတင်သွင်းလာသည့် သွင်းကုန်များအပေါ် အခွန် ၆၀ ရာခိုင်နှုန်းကောက်ခံမည်ဟု ရွေးကောက်ပွဲမဲဆွယ်ပွဲကာလအတွင်း၌ ပြောကြားခဲ့ခြင်းကြောင့် အကယ်၍ ထရမ့်အနေဖြင့် ထိုကတိကဝတ်အတိုင်း လုပ်ဆောင်လာခဲ့ပါက တရုတ်နိုင်ငံနှင့် အခြားကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအပေါ် သက်ရောက်လာနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောကြားထားသည်။

အမေရိကန်၏အခွန်တိုးမြှင့်မည့် အဆိုပါဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံကကန့်ကွက်ခဲ့သည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်ကြားမည်ဟု တရုတ်ကုန်သွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၂ ရက်တွင် တုံ့ပြန်ပြောကြားခဲ့သည်။

ထရမ့်၏ ကုန်သွယ်ရေးမူဝါဒကို သေချာလေ့လာမည်ဆိုပါက ထရမ့်သည် ယခင်ပထမသမ္မတ သက်တမ်း ထမ်းဆောင်စဉ်ကတည်းက အမေရိကန်စီးပွားရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ဦးစားပေးဖော်ဆောင်ခဲ့သည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံသည် အပြန်အလှန်အခွန်တိုးမြှင့်ကောက်ခံ၍ ထိပ်တိုက်ရင်ဆိုင်ခြင်းထက် ပိုမိုကောင်းမွန်သည့် နည်းလမ်းတစ်ရပ်ကို ချဉ်းကပ်လုပ်ဆောင်လာသည်ဟု Wall Street ဂျာနယ်တွင် ဖော်ပြထားသည်။

အဆိုပါနည်းလမ်းမှာ ထရမ့်၏ပထမသမ္မတ သက်တမ်းကာလ ၂၀၂၀ပြည့်နှစ်အစောပိုင်းက တရုတ်နှင့် အမေရိကန်နှစ်နိုင်ငံကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူညီချက်ကိုပြန်လည်ဖော်ဆောင်မည့် အစီအစဉ်ဖြစ်သည်။ အဆိုပါသဘောတူညီချက်ကို အဆင့် ၁ သဘောတူညီချက်ဟုအမည်ပေးထားသည်။

၎င်းအဆင့် ၁ သဘောတူညီချက်အရ တရုတ်နိုင်ငံက ၂နှစ်ကျော်အတွင်း၌ ဒေါ်လာ ၂၀၀ ဘီလီယံတန်ဖိုးရှိ အမေရိကန်ကုန်ပစ္စည်းများနှင့်ဝန်ဆောင်မှုများကို ဝယ်ယူရမည်ဖြစ်သည်။ အဆိုပါသဘောတူညီချက်ကို ထရမ့်က နှစ်သက်သဘောကျလွန်းသောကြောင့် ယင်းသဘောတူညီချက်သည် တရုတ်နှင့် အမေရိကန်တို့ကြား ထိုစဉ်ကချမှတ်ခဲ့သည့် သဘောတူညီချက်များအနက်"အထူးခြားဆုံးနှင့်အကောင်းဆုံး" ဟု သတ်မှတ်ခဲ့သည်။

သို့သော် အဆိုပါ အဆင့် ၁ သဘောတူညီချက်မှာ သက်ဆိုးမရှည်ခဲ့ရှာပေ။ နှစ်နိုင်ငံကြား တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက်ကျင်းပနေစဉ် ၂၀၂၁ ခုနှစ် အမေရိကန်သမ္မတ ရွေးကောက်ပွဲ၌ ဂျိုးဘိုင်ဒင်အနိုင်ရပြီး သမ္မတဖြစ်လာခဲ့ချိန်မှစ၍ အဆိုပါသဘောတူညီချက်မှာ မေ့မိန်ခဲ့ရသည်။

ယခုတစ်ကြိမ်တွင်မူ တရုတ်အစိုးရသည် ယခင် ထရမ့်၏ ပထမသက်တမ်းအတွင်း လက်မှတ်ရေးထိုးခဲ့သည့် အဆိုပါသဘောတူညီချက် ပြန်လည်အကောင်အထည်ဖော်ဆောင်ရေးအတွက် ထရမ့်အစိုးရနှင့် ဆွေးနွေးရန်လိုလားလျက်ရှိသည်။ အဓိကဆွေးနွေးလိုသည့်အချက်မှာ တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုမှ မည်သည့်အရာများကို ဝယ်ယူရမည်ဟူသော အချက်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရပါမူ တရုတ်က အမေရိကန်တို့ထံမှ မည်သည့် ထုတ်ကုန်များကို ဝယ်ယူရန်လိုအပ်သည်ဟူ၍ ဖြစ်သည်ဟုလည်းဆိုနိုင်သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်ထောင်စုရှိနည်းပညာကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်မည်ဟု အဆိုပြုလာနိုင်သည်။ တရုတ်နိုင်ငံက လုပ်ဆောင်မည့် ရင်းနှီးမြှုပ်နှံမှုများတွင်လျှပ်စစ်မော်တော်ကားများအတွက် လိုအပ်သည့် ဘက်ထရီများ ထုတ်လုပ်ခြင်းလည်းပါဝင်နိုင်သည်။

အလားတူပင် တရုတ်အစိုးရအနေဖြင့် အကိုက်အခဲပျောက်ဆေးတစ်မျိုးဖြစ်သည့် fentanyl ဆေးဝါးတင်ပို့မှုကို လျှော့ချမည်ဟူသောကတိကဝတ်များကိုလည်းပေးအပ်ဖွယ်ရှိသည်ဟု အတွင်းသိများကပြောကြားခဲ့ကြောင်း Sputnik သတင်းဌာနကဖော်ပြထားသည်။ အကြောင်းမှာ တရုတ်နိုင်ငံသည် fentanyl ဆေးဝါးကို ကနေဒါနှင့် အခြားနိုင်ငံများမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုသို့ တင်ပို့လျက်ရှိသည်ဟု ထရမ့်က စွပ်စွဲထားခြင်းကြောင့်ဖြစ်သည်။

တရုတ်နိုင်ငံ၏ အဆင့် ၁ သဘောတူညီချက် ပြန်လည်ဖော်ဆောင်ရေး ကြိုးပမ်းချက်သည် နှစ်နိုင်ငံစလုံးအတွက် Win-win အခြေအနေတစ်ရပ်ကို ဖန်တီးပေးနိုင်မည့် အလားအလာရှိသည့်အပြင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနှစ်နိုင်ငံကြား ကုန်သွယ်ရေးတင်းမာမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကိုပါ လျှော့ချနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

Ref: Sputnik, Xinhua

## အမေရိကန်နှင့် ဖြစ်ပွားနိုင်သည့်ကုန်သွယ်ရေးစစ်ပွဲအတွက် အသင့်ပြင်ဆင်ထားဟု အီးယူပြောကြား

ဘရပ်ဆဲ၊ စီးပွားရေး

ဥရောပသမဂ္ဂ (အီးယူ) အနေဖြင့် အမေရိကန်နှင့် ဖြစ်ပွားနိုင်ဖွယ်ရှိသည့် ကုန်သွယ်ရေးစစ်ပွဲအတွက် အသင့်ပြင်ဆင်ထားကြောင်း ဥရောပသံတမန်အကြီးအကဲ ကာဂျာကယ်လက်က ဖေဖော်ဝါရီလ ၃ ရက်တွင်ပြောသည်။

အမေရိကန်အစိုးရ၏ ထုတ်ပြန်ချက်နှင့် ပြောဆိုချက်များကို အီးယူက ဂရုတစိုက်စောင့်ကြည့်လျက်ရှိပြီး မိမိတို့ဘက်မှလည်းပြင်ဆင်မှုများလုပ်ဆောင်လျက်ရှိကြောင်း ကယ်လက်က ဘရပ်ဆဲမြို့၌ အလွတ်သဘောကျင်းပသည့်အီးယူထိပ်သီးဆွေးနွေးပွဲ၌ သတင်းထောက်များကို ပြောသည်။

အီးယူနိုင်ငံများအပေါ် အမေရိကန်က ချမှတ်ဖွယ်ရှိသည့် အခွန်တိုးမြှင့်မှုများကြောင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်းနှင့် နှစ်ဦးစလုံးအတွက် အပြုသဘောမဆောင်သည့် အကျိုးဆက်များကို ဖြစ်ပေါ်လာစေနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

အမေရိကန်အစိုးရက အီးယူနိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဆိုပါက အီးယူအနေဖြင့်လည်း အမေရိကန်ကုန်ပစ္စည်းများအပေါ် အခွန်တိုးမြှင့်ကောက်ခံ၍ လက်တုံ့ပြန်မည်ဖြစ်ကြောင်း ဂျာမနီဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးဝန်ကြီး ရောဘတ်ဟာဘတ်က အစောပိုင်းတွင် ပြောကြားခဲ့ကြောင်းသိရသည်။

အမေရိကန်အနေဖြင့် ကနေဒါ၊ မက္ကဆီကိုနှင့် တရုတ်နိုင်ငံတို့အပေါ် အခွန်တိုးမြှင့်ကောက်ခံမည့် အမိန့်ကြော်ငြာချက်တစ်ရပ်ကို သမ္မတဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီလ ၁ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အီးယူမှ တင်သွင်းလာမည့် ကုန်ပစ္စည်းများအပေါ် သို့လည်း အခွန်တိုးမြှင့် ကောက်ခံမည်ဟု ၎င်းကကတိပြုခဲ့သည်။

Ref: Izvestia

## ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့အား ၂၀၂၅ ခုနှစ်အတွင်း မက္ကဆီကိုသို့ စေလွှတ်မည်

မော်စကို၊ စီးပွားရေး

ရုရှားနိုင်ငံမှကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့နှစ်ဖွဲ့အား ယခုနှစ်အတွင်း မက္ကဆီကိုနိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံရှိ မက္ကဆီကိုသံရုံးက ထုတ်ပြန်သည်။

ရုရှားနှင့် မက္ကဆီကို နှစ်နိုင်ငံစလုံးရှိ ကုန်သည်ကြီးများအသင်းများသည်နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန် ကြိုးပမ်းလျက်ရှိပြီး ရုရှားကုန်သွယ်ရေးကိုယ်စားလှယ်အဖွဲ့ကြီး နှစ်ဖွဲ့အား ၂၀၂၅ခုနှစ်အတွင်း မက္ကဆီကိုနိုင်ငံသို့ စေလွှတ်ရန် စီစဉ်ထားကြောင်းသံရုံးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ရုရှားနှင့် မက္ကဆီကို နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏသည် ၂၀၂၄ ခုနှစ် ၁၁ လအတွင်း ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိခဲ့သော်လည်း ယင်းပမာဏသည် ၂၀၂၃ ခုနှစ်က ကုန်သွယ်မှုပမာဏနှင့် နှိုင်းယှဉ်ပါက ၂၆ ဒသမ ၃၅ ရာခိုင်နှုန်းလျော့ကျလျက်ရှိကြောင်း မက္ကဆီကိုသံရုံးကပြောသည်။

ရုရှားနိုင်ငံသည် မက္ကဆီကိုနိုင်ငံသို့ ဓာတ်မြေဩဇာ၊ သံရိုင်း၊ သံမဏိ၊ အလူမီနီယံထုတ်ကုန်များ၊ ဂျုံနှင့် ရော်ဘာတို့ကို တင်ပို့လျက်ရှိပြီး အပြန်အလှန်အားဖြင့် မက္ကဆီကိုနိုင်ငံက ရုရှားနိုင်ငံသို့ ဧရာတ်ကောင်၊ သစ်သီးခြောက်များ၊ ဆေးဝါးသုံးပစ္စည်းများ၊ အီသိုင်းအယ်လ်ကိုဟောနှင့် ကော်ဖီတို့ကို တင်ပို့လျက်ရှိသည်။

လက်ရှိတွင် မက္ကဆီကိုနိုင်ငံသည် လက်တင်အမေရိကဒေသတွင်ရုရှားနိုင်ငံ၏ ဒုတိယမြောက် အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဘရာဇီးနိုင်ငံက ရုရှား၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်းသိရသည်။Ref: Izvestia

# ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့်ကြေညာချက်ကြောင့် အာရှနှင့်ပင်လယ်ကွေ့ဒေသများရှိ အစုရှယ်ယာဈေးကွက်များထိုးကျ




**တိုကျို၊ စီးပွားရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အခွန်တိုးမြှင့်ကောက်ခံမည့် ကြေညာချက်ကြောင့် ဖေဖော်ဝါရီလ ၃ ရက်တွင် အာရှနှင့်ပင်လယ်ကွေ့ဒေသများရှိ အစုရှယ်ယာဈေးကွက်များ ထိုးကျသွားခဲ့ကြောင်းသိရသည်။

သမ္မတထရမ့်က အမေရိကန်၏ အဓိက ကုန်သွယ်ဖက်နိုင်ငံများအပေါ် အခွန်တိုးမြှင့်ကောက်ခံမည်ဟု တရားဝင်ကြေညာခဲ့ပြီးနောက် ဂျပန်၊ ဩစတြေးလျ၊ တောင်ကိုရီးယား၊ ဟောင်ကောင်ရှိ အစုရှယ်ယာဈေးကွက်များထိုးကျသွားခြင်းဖြစ်သည်။

ထို့ပြင် ပင်လယ်ကွေ့ဒေသရှိဆော်ဒီအာရေဗျအစုရှယ်ယာဈေးကွက်များဖြစ်သည့် Basma Adeem Medical၊ ACWA Power Company၊ Elm Company တို့အပါအဝင် အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းအစုရှယ်ယာဈေးကွက်၊ အဘူဒါဘီ စတော့ဈေးကွက်နှင့် ကာတာနိုင်ငံတို့တွင်လည်း အစုရှယ်ယာဈေးနှုန်းများ အပြောင်းအလဲဖြစ်ပွားခဲ့ကြောင်းသိရသည်။

အစုရှယ်ယာဈေးကွက်များ၌ အပြောင်းအလဲများဖြစ်ပွားရခြင်းသည် ကမ္ဘာ့နိုင်ငံများကြား ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်လာနိုင်သည့်မတည်ငြိမ်မှုများကြောင့်ဖြစ်ကြောင်း အကဲဖြတ်သူများကပြောကြားထားသည်။

အလားတူပင် အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးမူဝါဒများကြောင့်အမေရိကန်ပြည်တွင်းရှိ Nasdaq composite နှင့် Dow Jones Industrial Average စသည့် အစုရှယ်ယာဈေးကွက်တို့တွင်လည်း ကျဆင်းမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

Ref: Abc, GB

# ဖမ်းဆီးထိန်းသိမ်းထားသည့်ရုရှားနိုင်ငံသားတစ်ဦးကို မကြာမီပြန်လွှတ်ပေးမည်ဟု ဟားမက်အဖွဲ့ပြောကြား

**မော်စကို၊ နိုင်ငံရေး**



အစ္စရေးနှင့်ချမှတ်ခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အရ ဖမ်းဆီးထိန်းသိမ်းထားသည့်ရုရှားနိုင်ငံသားတစ်ဦးကို မကြာမီပြန်လွှတ်ပေးမည်ဟု ဟားမက်အဖွဲ့၏ နိုင်ငံရေးရုံး ဒုတိယအကြီးအကဲ မူဆာအာဘူမာဇွတ်က Sputnik သို့ပြောကြားသည်။

ဟားမက်အဖွဲ့သည် ရုရှားနိုင်ငံသားတစ်ဦးဖြစ်သည့် အလက်ဇန္ဒား ထရူဖာနော့အား ရုရှားနိုင်ငံ၏ ပါလက်စတိုင်းအပေါ်ထားရှိသည့် ရပ်တည်ချက်သဘောထားကိုတုံ့ပြန်သည့်အနေဖြင့် မကြာမီပြန်လွှတ်ပေးမည်ဖြစ်ကြောင်း မူဆာအာဘူမာဇွတ်က ပြောသည်။

ထို့ပြင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဒွန်ဘတ်ဒေသခံတစ်ဦးဖြစ်သည့် မက်ဇင်ခါကင်အား ပြန်လွှတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အစ္စရေးနှင့် သဘောတူထားသည့် ဒုတိယအဆင့်သဘောတူညီချက်အပေါ် မူတည်၍ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ဟားမက်အဖွဲ့က ပြောသည်။ သို့သော် ၎င်းအားပြန်လွှတ်ပေးရေးကို အဓိကဦးစားပေးအဖြစ် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ပါလက်စတိုင်းမှ ဟားမက်အဖွဲ့နှင့် အစ္စရေးတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို ကာတာ၊ အီဂျစ်နှင့် အမေရိကန်တို့၏ကြားဝင်ဖျန်ဖြေမှုကြောင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တစ်ရပ်ကို ဇန်နဝါရီလ ၁၅ ရက်တွင် ချမှတ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

Ref: Sputnik

## သတင်းတိုကဏ္ဍ

# ကင်ညာနှင့်ဆိုမာလီယာနှစ်နိုင်ငံနယ်စပ်၌ ကင်ညာအစိုးရအဖွဲ့မှ တာဝန်ရှိသူ ၅ ဦး ဖမ်းဆီးခေါ်ဆောင်ခြင်းခံရ

ကင်ညာနှင့် ဆိုမာလီယာနှစ်နိုင်ငံနယ်စပ်ဒေသတစ်ခု၌ ဖေဖော်ဝါရီလ ၃ ရက်က အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့၏ ချုံခိုတိုက်ခိုက်မှုအတွင်း ကင်ညာအစိုးရအဖွဲ့မှတာဝန်ရှိသူ ၅ ဦး ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည်ကင်ညာအရာရှိများက ဝါဂါဒွတ်ဒေသမှ အယ်ဝပ်မြို့သို့ သွားရောက်စဉ် ဖြစ်ပွားခြင်းဖြစ်ပြီး စစ်သွေးကြွများက အရာရှိများအားဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း မန်ဒယ်ရာ ရဲတပ်ဖွဲ့မှအကြီးအကဲဖြစ်သူ ဂျူးလီးယက် ဂျေရှူကပြောသည်။

ဖမ်းဆီးခံရသူများသည် ဒေသန္တရအုပ်ချုပ်ရေးမှူးများဖြစ်ပြီး စစ်သွေးကြွများက ၎င်းတို့အား ဆိုမာလီယာနိုင်ငံအတွင်းသို့ ခေါ်ဆောင်သွားကြောင်း မျက်မြင်သက်သေများက ပြောကြားခဲ့ကြောင်းသိရသည်။

Ref: Xinhua

. . . . . . . . . . . . . . . . . . . . . . . . . .

# မြင့်တက်လာသည့် ဆန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် ဖိလစ်ပိုင်က စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အရေးပေါ်အခြေအနေထုတ်ပြန်

ဖိလစ်ပိုင်နိုင်ငံတွင် မြင့်တက်လာသည့် ဆန်ဈေးနှုန်းကို ထိန်းချုပ်နိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံရေးဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ်ကို စိုက်ပျိုးရေးဝန်ကြီးဖရန်စစ္စကို တီယူလောရယ်က ဖေဖော်ဝါရီလ ၃ ရက်တွင် ထုတ်ပြန်ခဲ့ရကြောင်း သိရသည်။

ယခုထုတ်ပြန်ခဲ့သည့် အရေးပေါ်ကြေညာချက်ကို နိုင်ငံအတွင်းရှိအမျိုးသားဈေးနှုန်းစောင့်ကြည့်ရေးကောင်စီ၏ အကြံပေးချက်အရ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း လောရယ်ကပြောသည်။

အစိုးရကထုတ်ပြန်ခဲ့သည့် အရေးပေါ်ကြေညာချက်အရ အမျိုးသားအစားအသောက်အာဏာပိုင်အဖွဲ့အနေဖြင့် ဆန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် သိုလှောင်ထားသည့်ဆန်များကို ထုတ်ရောင်းနိုင်မည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံတွင် ပြည်သူသန်းပေါင်းများစွာက ဆန်ကို အဓိကအစားအစာအဖြစ်စားသုံးလျက်ရှိကြောင်း သိရသည်။

Ref: Xinhua

# အာဖဂန်နစ္စတန်ရှိ ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်ရုံး၌ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွား

**ကဘူး၊ အကြမ်းဖက်တိုက်ခိုက်မှု**

အာဖဂန်နစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂအကူအညီပေးရေးမစ်ရှင်ရုံး၌ ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရရှိသွားကြောင်း TOLOnews သတင်းဌာနက ဖေဖော်ဝါရီလ ၃ ရက်တွင်ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုများသည် ကုလသမဂ္ဂရုံးအဆောက်အအုံအတွင်း၌ ဖြစ်ပွားခြင်းဖြစ်ပြီး တိုက်ခိုက်မှုအတွင်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ကုလသမဂ္ဂရုံးမှ ဝန်ထမ်းတစ်ဦးဒဏ်ရာရရှိခြင်းဖြစ်ကြောင်း အာဖဂန်ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမာတင် ကာနီ၏ ပြောကြားချက်ကိုကိုးကား၍ TOLOnews သတင်းဌာနက ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုသည် မည်သည့်အဖွဲ့အစည်း၏လက်ချက်ဖြစ်ကြောင်းကို အာဏာပိုင်အဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

ပစ်ခတ်တိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ အကူအညီပေးရေးမစ်ရှင်ရုံးက တစ်စုံတစ်ရာထုတ်ပြန်ထားခြင်း မရှိပေ။

Ref: Xinhua



# ဇီးကုန်းမြို့နယ်၌ သစ်တောထိန်းသိမ်းရေး ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

ဇီးကုန်း ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုး/မြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် ဇီးကုန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (မြို့မ)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (မြို့မ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးက ကျောင်းစာအပြင် တခြားဗဟုသုတ အသိပညာ၊ အတတ်ပညာများကို လေ့လာဖတ်ရှုကြရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူတော်၊ လူကောင်းများ ပေါ်ထွန်းလာစေရေး ဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုလေ့လာဖတ်ရှုမှတ်သားကြရန် အသိပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန်းနိုင်ဦးက တောမီးလောင်ခြင်းနှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ ဇီးကုန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မိုးက သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေးကိုလည်းကောင်း၊ တောအုပ်ကြီး ဦးအောင်မျိုးထက်က မီးခိုး/မြူငွေ့လျှော့ချရေးကိုလည်းကောင်း ပရိုဂျက်တာဖြင့်ပြသ၍ အသိပညာပေးဟောပြောခြင်းများဆောင်ရွက်ကြရာ ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင့်ဆွေ(ပြန်ဆက်)**

# ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာ မြို့မဈေးကြီး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး



ပခုက္ကူ ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများပူးပေါင်း၍ ပလတ်စတစ်ပစ္စည်းများ လျှော့ချသုံးစွဲနိုင်ရန်နှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ဖေဖော်ဝါရီလ ၃ ရက်တွင် ပခုက္ကူမြို့ အမှတ်(၁)စည်ပင်သာယာမြို့မဈေးကြီး၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ ပူးပေါင်း၍ ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီး အတွင်း၊ အပြင်ရှိ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအန္တရာယ် လျော့နည်းလာစေရေး ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း မပြုလုပ်ရန်၊ ပလတ်စတစ်အစားထိုးပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူများဖြင့်သာ ထုပ်ပိုးရောင်းချခြင်း၊ ဝယ်ယူခြင်းများပြုလုပ်ရန်၊ သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းများ သန့်ရှင်းသပ်ရပ်စေရေး အလေးထား ဆောင်ရွက်ကြရန် စသည့်အချက်များကို အသိပညာပေး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တာဝန်ရှိသူများက သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များနှင့် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူ စသည့် ပလတ်စတစ်အစားထိုးပစ္စည်းများကို ဈေးရောင်း၊ ဈေးဝယ်ပြည်သူများထံ ဖြန့်ဝေပေးကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# ယခုနှစ်အတွင်း စုစုပေါင်း ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော ၁၇၀ သတ်မှတ်ထုတ်ပြန်နိုင်ရန် ဆောင်ရွက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း စုစုပေါင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၁၇၀ ကို သတ်မှတ်ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဒေါ်ဇင်မာထွန်း၏ပြောကြားချက်အရ သိရသည်။

လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၂၆ ရာခိုင်နှုန်းနီးပါးအထိ ဖွဲ့စည်းသတ်မှတ်ထားပြီးဖြစ်ကာ ယခုနှစ်တွင်လည်း ကြိုးဝိုင်းတော ၁၄ ခုနှင့် ကြိုးပြင်ကာကွယ်တော ၁၅၆ ခု စုစုပေါင်း ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၁၇၀ ကို သတ်မှတ်ထုတ်ပြန်နိုင်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတစ်ဝန်း ဒီရေတောများနှင့် သဘာဝသစ်တောများ၏ ဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝလာစေရန်၊ လေမုန်တိုင်း ဒဏ်ခံစားရမှုများကို သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်နိုင်စေရန်၊ ဒေသခံပြည်သူများအနေဖြင့် သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို စနစ်တကျ ဖွဲ့စည်းသတ်မှတ်နေခြင်းဖြစ်သည်။

လက်ရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုစုပေါင်း ကြိုးဝိုင်းတော ၈၂၆ ခု၊ ကြိုးပြင်ကာကွယ်တော ၄၉၃ ခု သတ်မှတ်ထားပြီး ဧရိယာအားဖြင့် ၆၇၆၉ ဒသမ ၇၀၂ စတုရန်းမိုင်၊ နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၁ ရာခိုင်နှုန်းအထိ ဖွဲ့စည်းသတ်မှတ်ပြီးဖြစ်ကာ ယင်းတို့အနက် စစ်ကိုင်းတိုင်းဒေသကြီး၌ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ အများဆုံး သတ်မှတ်ထားကြောင်း သိရသည်။

**ဆောင်းဦး**

# တောင်သာမြို့နယ် ဆီမီးကန်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

တောင်သာ ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေနှင့် ပြည်သူလူထုပူးပေါင်းပါဝင်မှုတို့ဖြင့် ဆီမီးကန်ကျေးရွာအုပ်စု ဆီမီးကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီလ ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခင်မာပိုနှင့် စီမံကိန်းတာဝန်ခံတို့က ဆီမီးကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆီမီးကန်ကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေနှင့် ထု ၆ လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ခွင့်ပြုငွေ ငွေကျပ် ၁၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေ ငွေကျပ် ၆ ဒသမ ၁၅ သန်း စုစုပေါင်း ငွေကျပ် ၂၁ ဒသမ ၁၅ သန်းအသုံးပြု၍ ဦးစီးဌာနမှ နည်းပညာပံ့ပိုးကူညီမှုဖြင့် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

## မွန်ငြိမ်းချမ်းသာယာကျောင်းတိုက်၌ ဇယျသိဒ္ဓိစေတီရွှေထီးတော်တင်ပွဲကျင်းပ



မြိတ် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာ မွန်ငြိမ်းချမ်းသာယာကျောင်းတိုက်၌ ဇယျသိဒ္ဓိစေတီ ရွှေထီးတော်တင်ပွဲကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

ဇယျသိဒ္ဓိစေတီကို မွန်ငြိမ်းချမ်းသာယာကျောင်းတိုက်၏ နှစ်ထပ်ကျောင်းဆောင်ပေါ်တွင်တည်ထားပူဇော်၍ ရွှေထီးတော်တင်ခြင်းအခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ခဲ့ပြီး ထီးတော်တင်ပန်းရထားဖြင့် ပင့်ဆောင်၍ ရွှေထီးတော်တင်ခြင်းကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် မွန်ငြိမ်းချမ်းသာယာကျောင်းဆရာတော်ထံမှ အခမ်းအနားတက်ရောက်လာကြသူများက ပရိတ်တရားများနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်မြတ်များအား နေ့ဆွမ်းဆက်ကပ်ခြင်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၁၂)

## ကျွန်းလှမြို့နယ်၌ လယ်သီးထပ်နေကြာစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကျင်းပ

ကျွန်းလှ ဖေဖော်ဝါရီ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လယ်သီးထပ်နေကြာစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် တပ်ကုန်းကျေးရွာ ကွင်းအမှတ် (၄၉၅) တောင်သူ ဦးမင်းနိုင်၏လယ်မြေ ငါးကေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက နေကြာသီးနှံကို သီးထပ်၊ သီးညှပ် ပုံစံအမျိုးမျိုးဖြင့် ချောင်းရေ၊ မြေအောက်ရေတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသည့် အထွက်ကောင်းမျိုးရွေးချယ်ပြီး ထယ်ရေးနက်နက်၊ ထွန်ရေးညက်ညက် စိုက်ခင်းမျက်နှာပြင်ညီညာအောင်ဆောင်ရွက်၍ တစ်ဧက သတ်မှတ်အပင်ရေ ၂၉၀၀၀ ဝင်ဆံ့ရန် တန်းကြားနှစ်ပေ၊ ပင်ကြား ကိုးလက်မ တစ်ကျင်းမျိုးစေ့နှစ်စေ့ စိုက်ပျိုးရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းလှမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက နေကြာစိုက်ပျိုးခြင်း လက်တွေ့ပြသကြပြီး စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ကျွန်းလှမြို့နယ်၌ ဆီထွက်သီးနှံအမျိုးမျိုးကို ရာသီမရွေး စိုက်ပျိုးကြကြောင်း၊ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နေကြာစိုက်ပျိုးရန် ၁၂၃၆ ဧကလျာထားပြီး လက်ရှိအချိန်ထိ ၁၂၂၉ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း၊ ဆီထွက်သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းများကို လေ့လာကြည့်ပါက မြေပဲတစ်ဧကလျှင် တင်း ၇၀၊ နှမ်းတစ်ဧကလျှင် တင်း ၂၀ နှင့် နေကြာတစ်ဧကလျှင် တင်း ၅၀ ထွက်ရှိရန်ဖြစ်ကြောင်း၊ မြေပဲတွင် မိုးမြေပဲနှင့်ဆောင်းမြေပဲစိုက်ပျိုးသကဲ့သို့ နှမ်းကိုမိုးနှမ်း၊ ဆောင်းနှမ်း၊ နွေနှမ်းစိုက်ပျိုးကြကြောင်း၊ ထို့အတူ နေကြာတွင် မိုးနေကြာနှင့် ဆောင်းနေကြာစိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံအုပ်စုဝင် ဆီမုန်ညင်းနှင့် ပန်းနှမ်းတို့ကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် (အကြို) ပန်းချီပြိုင်ပွဲကျင်းပ

ကျောက်ဆည် ဖေဖော်ဝါရီ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့်နှင့် မူလတန်းပန်းချီပြိုင်ပွဲကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်လူထုအခြေပြုဗဟိုဌာန၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့်မြို့နယ်ပညာရေးမှူး ဦးအေးလင်းတို့က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံနှင့် ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလယ်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် "ပြည်ထောင်စုနေ့တို့မမေ့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် "ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ" ခေါင်းစဉ်များဖြင့်လည်းကောင်း ကျင်းပရာ ကျောက်ဆည်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အခမ်းအနားတွင် ဆုများအသီးသီးပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စုစုအေး(ကျောက်ဆည်)**

## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များအခမဲ့ဖြန့်ဝေ

တောင်တွင်းကြီး ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အစား ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးခြင်း (Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေးအသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာများ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေခဲ့ကာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေး(Campaign) ပြုလုပ်ခြင်းကို အပတ်စဉ် တနင်္လာနေ့တိုင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နောင်နောင်(ဗိသနိုးမြေ)**

## အင်္ဂပူမြို့၌ ၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်

အင်္ဂပူ ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ အခြေခံပညာအထက်တန်းကျောင်း(အင်္ဂပူ) ၄ရွှေဝါခန်းမ၌ ဖေဖော်ဝါရီလ ၃ ရက် နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် စဉ်ဆက်ပညာရေးလုပ်ငန်း မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်နှင့် ပညာရေးဝန်ထမ်းများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုခိုင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စဉ်ဆက်ပညာရေးအကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားရေး၊ဘဝမြှင့်တင်မှုနှင့်ချိတ်ဆက်ရန်နည်းလမ်းများ၊ စာဖတ်ရှိန်မြှင့်တင်ရေးအစီအစဉ်များ စသည့် ဘာသာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကို ဖေဖော်ဝါရီလ ၃ ရက်မှ ၅ ရက်အထိ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# အာဆင်နယ်အသင်း ကွင်းလယ်ကစားသမားဟောင်း အိုဇေးလ်၏ ပရီးမီးယားလိဂ်သွင်းဂိုးမှတ်တမ်းကို အိုဒီဂက်လိုက်မီ

လန်ဒန် ဖေဖော်ဝါရီ ၃

အာဆင်နယ်အသင်းခေါင်းဆောင် အိုဒီဂက်သည် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အာဆင်နယ်အသင်းကစားသမားဟောင်း အိုဇေးလ်၏ ပရီးမီးယားလိဂ်သွင်းဂိုးမှတ်တမ်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို အိမ်ကွင်း၌ ၅ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် အိုဂီဂက်သည် ပွဲချိန် ၂ မိနစ်တွင် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အိုဒီဂက်သည် ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သော်လည်း မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၃၃ ဂိုး ရှိလာပြီးနောက် အိုဇေးလ်၏ ပရီးမီးယားလိဂ်သွင်းဂိုးမှတ်တမ်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

အိုဇေးလ်သည် ၂၀၁၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ အာဆင်နယ်အသင်း၌ကစားခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၃၃ ဂိုးသွင်းယူနိုင်ခဲ့ပြီး ယခုအခါ အိုဒီဂက်သည် ၂၀၂၁ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ပြီးနောက် အိုဇေးလ်၏ သွင်းဂိုးမှတ်တမ်းကောင်းတစ်ရပ်ကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဘောလုံးရာသီတွင် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၄ ပွဲပါဝင်ကစားခဲ့ကာ နှစ်ဂိုးသွင်းယူပြီး ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;One Football*




# အဓိကကွင်းလယ်ကစားသမားဂါဗီ၏ ဦးခေါင်းဒဏ်ရာနှင့်ပတ်သက်ပြီး ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်း ထုတ်ပြန်ကြေညာ

ဘာစီလိုနာ ဖေဖော်ဝါရီ ၃

ဘာစီလိုနာအသင်း အဓိက ကွင်းလယ်ကစားသမား ဂါဗီအနေဖြင့် အလာဗက်အသင်းနှင့်ပွဲစဉ်တွင် စိုးရိမ်ဖွယ်ရာ ဦးခေါင်းဒဏ်ရာရရှိခဲ့သည့်အတွက် ဒဏ်ရာအခြေအနေနှင့်ပတ်သက်ပြီး ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်(၂၂)အဖြစ်ကစားခဲ့သည့် ဘာစီလိုနာအသင်းက အလာဗက်အသင်းကို ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲချိန် ၁၄ မိနစ်၌ စိုးရိမ်ဖွယ်ရာ ဦးခေါင်းထိခိုက်ဒဏ်ရာရရှိခဲ့သောကြောင့် ကွင်းအတွင်းမှ ချက်ချင်းထွက်ခွာခဲ့ရပြီး နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့ရသည်။


အစောပိုင်းက ဂါဗီအနေဖြင့် စိုးရိမ်ဖွယ်ရာ ဦးခေါင်းဒဏ်ရာကြောင့် သတိလစ်မေ့မြောခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ဆေးရုံ၌ ဆေးဝါးကုသမှုများခံယူပြီးနောက် ဆေးရုံမှ ပြန်လည်ဆင်းနိုင်ခဲ့ပြီဟု ဘာစီလိုနာအသင်းက သတင်းထုတ်ပြန်ခဲ့သည်။

ဘာစီလိုနာအသင်းက "ဂါဗီအနေနဲ့ အလာဗက်အသင်းနဲ့ပွဲစဉ်မှာ ဦးခေါင်းဒဏ်ရာရရှိခဲ့ပါတယ်။ ဒါပေမဲ့ ဂါဗီအနေနဲ့ သတိလစ်မေ့မြောခြင်းတော့မရှိခဲ့ပါဘူး။ ဂါဗီအနေနဲ့ ဆေးရုံမှာ ဆေးစစ်မှုတွေ လုပ်ဆောင်ပြီးတော့ ဆေးရုံက ဆင်းနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ဦးခေါင်းဒဏ်ရာဖြစ်လို့ စောင့်ကြည့်မှုတွေ တော့လုပ်ဆောင်သွားရမှာပါ"ဟု ထုတ်ပြန်ခဲ့သည်။

ဂါဗီအနေဖြင့် ဦးခေါင်းဒဏ်ရာရရှိခဲ့သောကြောင့် မည်သည့်အချိန်ထိအနားယူရမည်ကို မသိရှိသေးဘဲ လာမည့်ပွဲစဉ်တချို့ကို လွဲချော်သွားရဖွယ်ရှိနေပြီး နောက်ထပ် အဓိက ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သည့် ဒန်နီအိုမိုမှာလည်း ပြီးခဲ့သည့် ဇန်နဝါရီလ ၁၉ ရက်ကတည်းက ခြေဖမိုးဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့်အတွက် ဘာစီလိုနာအသင်း ကွင်းလယ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ခရစ္စတယ်ပဲလေ့စ်အသင်းကိုရှုံးနိမ့်ပြီးနောက် ၂၀၁၃ -၂၀၁၄ ဘောလုံးရာသီက အိမ်ကွင်းရှုံးပွဲမှတ်တမ်းဆိုးကို ယခုရာသီမကုန်မီ မန်ယူအသင်းပြန်လည်ရရှိ




မန်ချက်စတာ ဖေဖော်ဝါရီ ၃

မန်ယူအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၄)အဖြစ်ကစားသည့် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် ၂ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီတွင် အိမ်ကွင်းရှုံးပွဲခုနစ်ပွဲရှိလာသည့်အတွက် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက အိမ်ကွင်းရှုံးပွဲမှတ်တမ်းဆိုးကို ယခုရာသီမကုန်မီ ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် အိမ်ကွင်း၌ ကစားခဲ့ရသော်လည်း ခရစ္စတယ်ပဲလေ့စ်အသင်းကို ခြေစွမ်းပိုင်းအရ ယှဉ်နိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၆၄ မိနစ်နှင့် ၈၉ မိနစ်တို့တွင်သွင်းယူခဲ့သည့် မာတီတာ၏သွင်းဂိုးများဖြင့် ရှုံးနိမ့်ပြီးနောက် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီက မှတ်တမ်းဆိုးကို ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအစပိုင်းတွင် နည်းပြဟောင်း တန်ဟတ်လက်ထက်ကတည်းက အသင်းအနေဖြင့် ရလဒ်ပိုင်းမတည်ငြိမ်မှုများနှင့် ရုန်းကန်ခဲ့ရသလို နည်းပြအပြောင်းအလဲလုပ်ဆောင်ပြီးနောက် နည်းပြအမိုရင်လက်အောက်တွင်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ဆက်လက်ရုန်းကန်နေရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ရလဒ်များကောင်းမွန်ခဲ့ပြီး ရှုံးပွဲမရှိဘဲ (၁၆) သင်းရှုံးထွက်အဆင့် တိုက်ရိုက်တက်ရောက်နိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များဆိုးရွားနေပြီး နည်းပြအမိုရင်လက်အောက်တွင်လည်း ရလဒ်များဆက်လက်ဆိုးရွားနေခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီ အိမ်ကွင်း ၁၃ ပွဲကစားပြီးချိန်တွင် ငါးပွဲအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ကာ ခုနစ်ပွဲရှုံးနိမ့်ခဲ့သည်။ နည်းပြအမိုရင်အနေဖြင့်လည်း မန်ယူအသင်းကို ကိုင်တွယ်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၃ ပွဲတွင် လေးပွဲသာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းကို ရှုံးနိမ့်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၂၄ ပွဲကစားပြီးချိန်တွင် ရှစ်ပွဲနိုင်၊ ငါးပွဲသရေ၊ ၁၁ ပွဲရှုံး ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၁၃) နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# ဝုဗ်အသင်းက တောင်ပံကစားသမား ကွန်ဟာကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

လန်ဒန် ဖေဖော်ဝါရီ ၃

ဝုဗ်အသင်းက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့် အဓိကတောင်ပံကစားသမား ကွန်ဟာကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်အရွယ် ကွန်ဟာသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလက အက်သလက်တီကိုအသင်းမှ ဝုဗ်အသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားပြီးနောက် ရာသီအကုန်တွင် အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ကွန်ဟာသည် ပြီးခဲ့သည့်ဘောလုံးရာသီကလည်း ဝုဗ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သောကြောင့် အသင်းကြီးများကခေါ်ယူရန် စီစဉ်နေသည့်အတွက် ဝုဗ်အသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်ခဲ့ရာမှ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် ကွန်ဟာကို အာဆင်နယ်အသင်း၊ နော်တင်ဟမ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ကမ်းလှမ်းမှုများ လုပ်ဆောင်ခဲ့သော်လည်း ဝုဗ်အသင်းက ပယ်ချခဲ့ကြောင်းသိရသည်။

*Ref;Fabrizio Romano*

## ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်းနှင့် ဟောပြောပွဲကျင်းပ



**ဘိုကလေး ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ဖေဖော်ဝါရီလ ၂ ရက်က လူငယ်စကားဝိုင်းနှင့်ဟောပြောပွဲ ကျင်းပသည်။

လူငယ်စကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ ဘိုကလေးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။ လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးနိုင်းလိန်းဟုန်းတို့က လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်အတွေးအခေါ်၊ လူငယ်နှင့်အောင်မြင်မှု ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသော သင်တန်းသား၊ သင်တန်းသူများက မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

လူငယ်စကားဝိုင်းအပြီးတွင် ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က လူငယ်တို့အနာဂတ်လှပဖို့စာဖတ်ခြင်း၌မွေ့လျော်စို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

## အခြေခံပညာမူလတန်းအဆင့် Grade-5 နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade -9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေး



**ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ အခြေခံပညာမူလတန်းအဆင့် Grade –5 နှင့် အခြေခံပညာအလယ်တန်းအဆင့် Grade–9 စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီလ ၃ ရက်တွင် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စာမေးပွဲမကျင်းပမီ ဆောင်ရွက်ရန်လုပ်ငန်းများ၊ စာမေးပွဲကျင်းပနေစဉ် ဆောင်ရွက်ရန်လုပ်ငန်းများနှင့် စာမေးပွဲကျင်းပပြီးနောက် ဆောင်ရွက်ရန်လုပ်ငန်းများဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဆွေးနွေးခဲ့ကြပြီး စာမေးပွဲမကျင်းပမီ ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သည့် ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မေးခွန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စာမေးပွဲလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းတို့ကို ညောင်ဦးခရိုင် ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦးက ရှင်းလင်းဆွေးနွေးပြီး စာမေးပွဲကျင်းပနေစဉ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်သည့်အချက်များကို မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်ကလည်းကောင်း၊ စာမေးပွဲကျင်းပပြီးနောက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးတင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့် ဆရာ၊ ဆရာမများ၏မေးမြန်းချက်များကို အခန်းအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ညောင်ဦးခရိုင် ပညာရေးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ထွန်းဦး၊ မြို့နယ်ပညာရေးမှူး ဦးသိန်းဒန်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## မိုးညှင်းတက္ကသိုလ်၌ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**မိုးညှင်း ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းတက္ကသိုလ်တွင် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီလ ၂ ရက်က အဆိုပါ တက္ကသိုလ်စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာမဥ္ဇူမြင်းက အဖွင့်အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ် အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ အုပ်ချုပ်ရေးမှူး ဦးမောင်ဝင်းက ရေဝပ်ဒေသထိန်းသိမ်းရေးအကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်ဗီဒီယိုကို ပြသသည်။

ထို့နောက် ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၌ ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ မိုးညှင်းတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ(ဌာနမှူးများ)၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **ရွှေမိုးညှင်း**




## ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် VIETSTOCK EXPO & FORUM 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ ပါဝင်ပြသရန် ဖိတ်ခေါ်ထား

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ဗီယက်နမ်နိုင်ငံ၌ ၂၀၂၅ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည့် VIETSTOCK EXPO & FORUM 2025 ပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသရန် သက်ဆိုင်ရာပြပွဲကျင်းပရေးကော်မတီမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အဆိုပါပြပွဲ ဖြစ်မြောက်ရေးအတွက် ဗီယက်နမ်နိုင်ငံရှိ Informa Markets ကုမ္ပဏီမှ ကြီးမှူးဆောင်ရွက်လျက်ရှိပြီး ထိုပြပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ရှိ Saigon Exhibition & Convention Center (SECC)၌ အောက်တိုဘာလ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် နိုင်ငံတကာမှ စားသောက်ကုန်များနှင့် မွေးမြူရေးထုတ်ကုန်များကို နိုင်ငံပေါင်း ၄၀ ကျော်မှ ပြခန်းပေါင်း ၃၀၀ ကျော်ဖြင့် ပါဝင်ပြသမည်ဖြစ်ပြီး ထိုပြပွဲတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို ပါဝင်ပြသလိုပါက သက်ဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တစ်ဆင့် ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီများသည် VIETSTOCK EXPO & FORUM 2025 ပြပွဲတွင် ပါဝင်ပြသခြင်းဖြင့် ဗီယက်နမ်နိုင်ငံအပါအဝင် အာဆီယံဒေသတွင်းနိုင်ငံများသာမက နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများနှင့်ချိတ်ဆက်မိကာ မိတ်ဖက်များ ထူထောင်နိုင်ခြင်း၊ လုပ်ငန်းများချဲ့ထွင်နိုင်ခြင်းနှင့် ဈေးကွက်အသစ်များ ရှာဖွေနိုင်ခြင်း စသည့်အခွင့်အရေးများ ရရှိနိုင်ကြောင်း သိရသည်။

အဆိုပါပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက www.vietstock.org တွင် ကြည့်ရှုလေ့လာနိုင်ပြီး ထိုပြပွဲတွင် ပါဝင်ပြသလိုသော မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း- ၀၆၇- ၄၀၈၆၂၂ နှင့် event.td.myantrade@gmail.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ


စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၃၁ ရက်**တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပခုက္ကူမြို့နယ်၊ မြိုင်-ပခုက္ကူကားလမ်းအနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားမဝင် ကျွန်းသစ်( သုည ဒသမ ၄၆၀၂)တန်၊ အခြားသစ် (သုည ဒသမ ၅၄၉)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၅၀၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Canter Truck (၁)စီး၊ Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၂၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဖေဖော်ဝါရီလ ၂ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၄၇၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Scania Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ဖားအောက်ရပ်ကွက်၊ ကော့ခမယ်လမ်းမ၊ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၅၄၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဖေဖော်ဝါရီလ ၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့၊ ချင်းတွင်းမြစ်ကမ်းစပ်၊ ၉၂၉ ရေဆိပ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ (ချက်ဆီ) (၇၃) ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၉၆၀၀၀) ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၉၆၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ (၂ ဒသမ ၉၀၈)တန်၊ အခြားသစ် (သုည ဒသမ ၄၇၂)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၈၅၀၂)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့်မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sunglong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၃၃၈၅၀၂)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်၊ ဖေဖော်ဝါရီလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၆၅၀၂)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

# မြင်းခြံမြို့နယ်၊ တလုပ်မြို့ဝန်းကျင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲကြောင်း သတင်းအမှားများဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ တလုပ်မြို့ဝန်းကျင်တွင် ဖေဖော်ဝါရီလ ၁ ရက် ညပိုင်းတွင် လေကြောင်းဖြင့် ဗုံးကြဲခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ အကြမ်းဖက်သမားများအနေဖြင့် အဆိုပါနယ်မြေအတွင်း ပြည်သူများ အေးချမ်းသာယာစွာဖြင့် နေထိုင်လုပ်ကိုင်နိုင်စေရေးအတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိခိုက်စေရန်ရည်ရွယ်၍ Drone များအသုံးပြုကာ Drop Bomb ချတိုက်ခိုက်မှုများကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ အသက်၊ အိုးအိမ်၊ စည်းစိမ်များဆုံးရှုံးရခြင်းများရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီလ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@pxooppwintwai 1234” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ညောင်ပင်ဝိုင်းကျေးရွာနေ ပွင့်ဖူးဝေအား နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် တောင်ညိုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
THE BEST QUALITY TYRE


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER 99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်ဂါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ဂါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀၈
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


ပဒုမ္မာဆပ်ပြာ
PADONMAR
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၀ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကိုဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှုဖြစ်စေရန်နှင့် ပြည်သူကိုဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှကောက်နုတ်ချက်)

# တဘူးလှဆည်မှ နွေစပါးစိုက်ခင်းဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေ စတင်ပေးဝေ



ရန်ကုန် ဖေဖော်ဝါရီ ၃

တဘူးလှဆည်၏ မြောင်းမကြီးနှစ်ခုမှ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးခရိုင်အတွင်းရှိ တောင်သူများ၏ နွေစပါးစိုက်ဧက ၂၉၅၇၀ အတွက် စိုက်ပျိုးရေကို ဇန်နဝါရီလ ၁ ရက်မှ စတင်ပေးဝေခဲ့ပြီး ဧပြီလကုန်ပိုင်း အောင်ရေရရှိသည်အထိ ပေးဝေသွားမည်ဖြစ်ကြောင်း တိုက်ကြီးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"တိုက်ကြီးခရိုင်အတွင်းက တိုက်ကြီး၊ ဥက္ကံနဲ့ အဖျောက်မြို့တွေက နွေစပါးစိုက်ဧက ၂၉၅၇၀ ကို တဘူးလှဆည်ကနေ စိုက်ပျိုးရေပို့လွှတ်နေပါပြီ။ ကျွန်တော်တို့ဌာနရဲ့အဓိကတာဝန်က ရေဘေးကာကွယ်ရေးနဲ့ **စာမျက်နှာ ၁၅ ကော်လံ ၁ ○**



# MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းနိုင်ပွဲရ

ရန်ကုန် ဖေဖော်ဝါရီ ၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) နောက်ဆုံးနေ့ကို ယနေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းအနိုင်ရခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ ❒**

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ရောဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့်အနီးဝန်းကျင်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာ - ၁၁ သို့



## ရန်ကုန်မြို့၌ ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများမှ သုံးစွဲသူပြည်သူများသို့ ဆေးဝါးများတိုက်ရိုက်ရောင်းချပွဲ ကျင်းပ

စာ - ၃ သို့

## ၃-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၄၅၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဖေဖော်ဝါရီ ၃

ယနေ့မြန်မာစံတော်ချိန် ၀၂ နာရီ ၁၄ မိနစ် ၀၁ စက္ကန့်တွင် နေပြည်တော်မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဇမ္ဗူသီရိမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၄၉